ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 15 August 2023 ၁၁၁၈၈

သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုဗ္ဗဝဂ်(ဓမ္မပဒ-၅၄)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BPI Pharmaceutical Museum ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

အစွမ်းထက်သည့် ဆေးဝါးများထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် သြဂုတ် ၁၄

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ညွှန်ကြီးကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ ဖတ်စရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

စာမျက်နှာ » ၅

နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးပုံဖော်ထုဆစ်ကြမည့် လူငယ်များဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၁၀

ရှေဘုံခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်စျေးနှုန်းများနှင့် စီးထွက်မှု အခြေအနေ

စာမျက်နှာ » ၁၈

ကြေးမှုံ

မူးယစ်ဆေးဝါးကင်းစင်ရေး လက်တွဲကြိုးပမ်း

(၈)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်ရှိနိုင်ငံများအား အစဉ်အဆက် ခြိမ်းခြောက်လျက်ရှိပြီး ဒေသတွင်းဆိုင်ရာပြဿနာအဖြစ်သာမက နိုင်ငံများနှင့်ပါ ဆက်စပ်ပြီး ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့ပူးပေါင်းပြီး အရှိန်အဟုန်မြင့်တင် တိုက်ဖျက်လျက်ရှိသည်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှုကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို တားဆီးနှိမ်နင်းနိုင်ခဲ့သော်လည်း မူးယစ်ဆေးဝါးပြဿနာမှာ လျော့နည်းသွားခြင်းမရှိသေးပေ။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းအမြောက်အများကို ဖော်ထုတ်ဖမ်းဆီးအရေးယူကာ ဖျက်ဆီးနိုင်ခဲ့သည်။ ဘိန်းစိုက်ပျိုးရာဒေသများ၌ ဘိန်းအစားထိုးစိုက်ပျိုးရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ပြည်တွင်းအင်အားဖြင့်သာမက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် အနီးကပ်ပူးပေါင်းတိုက်ဖျက် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် တစ်နိုင်ငံတည်းဆောင်ရွက်နိုင်သော အခြေအနေမဟုတ်ပေ။ မူးယစ်ဆေးဝါးပြဿနာကို နိုင်ငံအားလုံး၊ ဒေသတွင်းနိုင်ငံအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသဖြင့် စဉ်ဆက်မပြတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံ အချင်းချင်း နိုင်ငံရေးလွှမ်းမိုးမှုများ ကင်းရှင်းစွာဖြင့် သတင်းအချက်အလက်များ ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်သည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုလျှင် တိုးတက်အောင်မြင်မှုများရရှိလာမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုဌ၌ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် အဓိကခြိမ်းခြောက်လျက်ရှိသည့် ပြဿနာများအဖြစ် မြင်တွေ့နေရသည်။ ထို့အပြင် နိုင်ငံဖြတ်ကျော်မှုခင်းကျူးလွန်သူ ဂိုဏ်းအဖွဲ့များ၏ ကွန်ရက်များ ကျယ်ပြန့်လာမှု၊ မှောင်ခိုစျေးကွက် ချဲ့ထွင်လာမှုများကြောင့် ပိုမိုရှုပ်ထွေးသော မူးယစ်ဆေးဝါးပြဿနာများ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ မူးယစ်ဆေးဝါးမှုခင်းများနှင့် ဆက်နွယ်နေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့်မှုခင်းများကို အထောက်အပံ့ဖြစ်စေပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများကို ခြိမ်းခြောက်နေသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။

ယခု အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာအစည်းအဝေးတွင် နှစ်နိုင်ငံနှင့် ပြည်ထဲရေးဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် နားလည်မှုစာချွန်လွှာအရ နှစ်စဉ် အပြန်အလှန် အစည်းအဝေးများ ပြန်လည်စတင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံ နယ်စပ်ဒေသထိန်းချုပ်ရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှုနှင့် အွန်လိုင်းလိမ်လည်ရာဇဝတ်မှုများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်၊ မြန်မာ-လာအို နှစ်နိုင်ငံနယ်စပ်ဆက်ဆံရေးရုံးများနှင့် ချစ်ကြည်ရေးတံတားများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်၍ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ ဆောင်ရွက်ရန် တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည်။

ထို့အပြင် (၆၇)ကြိမ်မြောက် ကုလသမဂ္ဂမူးယစ်ဆေးဝါးကော်မရှင်အစည်းအဝေးတွင် ထုတ်ပြန်ကြေညာမည့် အာဆီယံပူးတွဲကြေညာချက်နှင့်ပတ်သက်သည့် ဆွေးနွေးမှုများ၊ (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ အစီရင်ခံစာနှင့် နောက်ဆက်တွဲ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့အစည်းဖြစ်ရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အာဆီယံလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)နှင့် ပတ်သက်၍ သုံးသပ်ခြင်းကိစ္စရပ်များ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည့်အပြင် အနာဂတ်တွင် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံအသိုက်အဝန်းဖြစ်စေရေးလုပ်ငန်းစဉ်များတွင်လည်း နိုင်ငံများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာပြီး တရားမအထူးအယူခံမှု တစ်မှုကို ပလပ်သည့်အမိန့် ချမှတ်

နေပြည်တော် ဩဂုတ် ၁၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်နှင့် ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁) ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၃ (ဧရာဝတီ)၊ ၄၀/၂၀၂၂ (စစ်ကိုင်း)၊ ၃/၂၀၂၃ (ရှမ်း) နှင့် ၄/၂၀၂၃ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ပြီး တရားမအထူးအယူခံမှုအမှတ် ၁၃/၂၀၂၃ (ဧရာဝတီ) အမှုကို ပလပ်သည့်အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇင်ဘိုဦးနှင့် ဝန်ထမ်းများက လားရှိုးမြို့နယ် သာသနာအေးကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးဥပသေနထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

တံတားဦးမြို့တွင် နို့နှင့် နို့ထွက်ပစ္စည်း တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်လှစ်

တံတားဦး ဩဂုတ် ၁၄

တံတားဦးခရိုင် တံတားဦးမြို့နယ် ပြူကန်ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နို့နှင့် နို့ထွက်ပစ္စည်း တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်၁၀နာရီက အဆိုပါကျေးရွာ ရွှေသိမ်တော်ကျောင်းတိုက် သဟဘုညကာရီ ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှု ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် မလိုင်လုံး၊ မလိုင်ခဲ၊ ဒိန်ချဉ်နှင့် နို့အေးပြုလုပ်နည်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည် ။ **ရဲတင့် (ပြန်/ဆက်)**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၄ - ၈ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၉၀၀	၈,၉၀၀	၃,၄၂၂	၃၀,၁၇၁,၅၀၀
MTSH	၃,၁၀၀	၃,၁၀၀	၈,၇၉၀	၂၇,၂၉၉,၂၀၀
MCB	၇,၆၀၀	၇,၆၀၀	၂၀	၁၅၂,၀၀၀
FPB	၁,၆၅၀	၁,၆၅၀	၁၈၉	၃၀၅,၈၀၀
TMH	၂,၄၅၀	၂,၄၅၀	၀	၀
EFR	၂,၃၀၀	၂,၃၅၀	၁,၆၅၁	၃,၇၉၇,၃၅၀
AMATA	၅,၀၀၀	၅,၀၀၀	၀	၀
MAEX	၁,၉၀၀	၁,၉၀၀	၃,၈၄၅	၇,၃၀၅,၅၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမှုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာပြင်	- ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BPI Pharmaceutical Museum ရှင်းလင်းဆောင်၌ အမှာစကားပြောကြားစဉ်။

❖ **မှတ်တမ်းများမှတစ်ဆင့် သမိုင်းကို သိနိုင်သကဲ့သို့ အနာဂတ်အတွက် သုံးသပ်မှု မှန်ကန်သော ဆုံးဖြတ်ချက်ထွက်ပေါ်လာစေရေး အထောက်အကူပြုမည်ဖြစ်**

❖ **သမိုင်းကြောင်းကောင်းများ ရှိခဲ့သည့် ဆေးဝါးစက်ရုံတစ်ခုအနေဖြင့် မှတ်တမ်းပြတိုက်ကိုဆောင်ရွက်၍ သမိုင်းကိုထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူ**

○ ရှေ့ဖုံးမှ

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI Pharmaceutical Museum အထိမ်းအမှတ်ကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ ထို့နောက် ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနု စိုက်ထူခဲ့သည့် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းအထိမ်းအမှတ် ကျောက်တိုင်ကို ကြည့်ရှုလေ့လာကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က "BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း" BPI Pharmaceutical Museum ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Feature Wall၊ Museum Directory Map၊ မှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများကို ကြည့်ရှုကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Museum ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်) သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဖြွေဆိပ်ဖြေဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ ဆေးဝါးများ ထုတ်လုပ်ရာတွင် အရည်အသွေး ပြည့်မီသည့်ပစ္စည်းများ အသုံးပြု ထုတ်လုပ်လျက်ရှိမှု၊ ပြည်ပမှ ဆေးဝါးများ တင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးဝါးများထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ ဆေးဝါးများ စျေးနှုန်းသက်သာစွာဖြင့် ပြည်သူများ ဝယ်ယူအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးဝါး အမယ်သစ်များ ထပ်မံတိုးမြှင့် ထုတ်လုပ်လျက်ရှိမှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး အတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ် – ၁၉ ရောဂါကာကွယ် ဆေးများထုတ်လုပ်လျက်ရှိမှု၊ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း (BPI Pharmaceutical Museum) ၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခိုင်က BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်း တည်ဆောက်ခဲ့မှု၊ ဖြွေဆိပ်ဖြေဆေး အေးခဲခြောက်စက်တပ်ဆင်ဆောင်ရွက်ခဲ့မှုနှင့် မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BPI Pharmaceutical Museum အထိမ်းအမှတ် ကျောက်စာတိုင်အား အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့် စပ်လျဉ်းပြီး အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)အတွက် သမိုင်းမော်ကွန်း ထိုးနိုင်ခဲ့သည့် ရက်ဖြစ်ပါကြောင်း၊ မည်သည့် လုပ်ငန်းကို ဆောင်ရွက်သည် ဖြစ်စေ မှတ်တမ်းထားရှိမှုသည် အရေးကြီးကြောင်း၊ မှတ်တမ်းတင် လုပ်ငန်းများ ဆောင်ရွက်ထားခြင်းဖြင့် မိမိတို့လုပ်ငန်းအတွက် သာမက နိုင်ငံတော်အတွက်လည်း များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ ယင်း**မှတ်တမ်းများမှ တစ်ဆင့် သမိုင်းကို သိနိုင်သကဲ့သို့ အနာဂတ်အတွက် သုံးသပ်မှု မှန်ကန်သော ဆုံးဖြတ်ချက် ထွက်ပေါ်လာစေရေး အထောက်အကူပြုမည် ဖြစ်**ကြောင်း၊ သမိုင်းကြောင်းကောင်းများ ရှိခဲ့သည့် ဆေးဝါးစက်ရုံတစ်ခု အနေဖြင့် မှတ်တမ်းပြတိုက်ကို ဆောင်ရွက်၍ သမိုင်းကိုထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ဂုဏ်ယူပါကြောင်း။

များစွာအကျိုးရှိမည်

သမိုင်းများကို ဖော်ထုတ်၍ လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စက်ပစ္စည်းများမှာ ခေတ်ကာလအရ ကြာမြင့်သွားပြီ ဖြစ်သော်လည်း အချို့မှာ ယနေ့အချိန်အထိ အသုံးပြုနိုင်သေးသည် များရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်စက်ပစ္စည်းဟောင်းများကို နမူနာယူ၍ ထုတ်လုပ်မှုပိုင်းတွင် အထောက်အကူပြုနိုင်သည့် စက်ပစ္စည်းများကို ပြည်တွင်းမှ နည်းပညာရှင်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်သည့် ဆေးဝါးများ၏ အရည်အသွေးမှာ ခိုင်မာကောင်းမွန်ပြီး ဖြစ်ကြောင်း၊ အဆိုပါရှိပြီးဖြစ်သည့် ခိုင်မာကောင်းမွန်မှုများအပေါ် အခြေခံ၍ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ »»

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်း(BPI Pharmaceutical Museum)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ခလုတ်နှိပ်၍ စတင်လည်ပတ်ပေးစဉ်။

»» စာမျက်နှာ ၃ မှ

ဆေးကုသမှုနှင့် ပတ်သက်၍ နှစ်စဉ်သုတေသနလုပ်ငန်းများနှင့် ညီလာခံများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးကုသမှုများအပေါ် မူတည်၍ ဆေးဝါးများ၏ အရည်အသွေးများမှာလည်း ပြောင်းလဲလာကြောင်း၊ ဆေးဝါးများ၏ အရည်အသွေး တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဆိုပါက အာနိသင် တန်ဖိုးများမှာလည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ကျန်းမာရေးတွင် ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဟူ၍ သုံးပိုင်းရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၏ ကဏ္ဍမှာ ကာကွယ်ခြင်းနှင့် ကုသခြင်းပိုင်းတွင် ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းမှာ အခြားနိုင်ငံများထက် နည်းပါးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်သက်၍ ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းများကို ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ထို့သို့ဆောင်ရွက်ချိန်တွင် အစွမ်းထက်သည့် ဆေးဝါးများကို အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အစွမ်းထက်သည့်ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆေးဝါးသုတေသနလုပ်ငန်းများကို ပိုမိုဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ဆေးဝါးမလုံလောက်မှုများကြောင့် ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ ဆေးဝါးများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ ဆေးဝါးကုန်ကြမ်းများတင်သွင်း၍ ပြည်တွင်း စက်မှုလုပ်ငန်းများဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အများအသုံးပြုသည့် ဆေးဝါးများကို ပြည်တွင်း လုံလောက်မှုရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ တပ်မတော် ဆေးဝါးစက်ရုံများမှ လည်း နှစ်စဉ်ထုတ်လုပ်လျက်ရှိကြောင်း၊ အလားတူ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများမှ ဆေးဝါးများ ထုတ်လုပ်နိုင်ရေး အတွက်လည်း မြန်မာ့ဆေးဝါး လုပ်ငန်းမှ ကူညီဆောင်ရွက်ပေးရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံ့အကျိုးကို ကြည့်၍ ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင် ဂါရဝပြုပေးအပ်စဉ်။

နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသည် ပြည်သူများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ မိမိတို့ ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက် အကျိုးရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း ကောင်းမွန်ရန်လိုကြောင်း၊ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည် ဖြစ်ကြောင်း၊ ဆေးဝါးများသည် လူ့အသက်အတွက် တန်ဖိုးဖြတ်မရသည့် အရာများဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ပြည်သူများအတွက် လိုအပ်သည့် ဆေးဝါးများကို ထုတ်လုပ်နေခြင်း ဖြစ်သည့်အတွက် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် စက်ရုံတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဆေးဝါးပညာရှင်များ၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ယခင်က တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအားလုံးကို မိမိအနေဖြင့် အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းအတွင်း စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်းဇည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက BPI ဆေးဝါးထုတ်လုပ်မှု သမိုင်းပြခန်း ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

စာမျက်နှာ ၅ သို့ »»

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်) မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစဉ်။

- **နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများသည် ပြည်သူများ၏ သက်သာချောင်ချိရေး အတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်**
- **မိမိတို့ထုတ်လုပ်လိုက်သည့် ထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ပြီး ပြည်သူများအတွက် အကျိုးရှိအောင်ဆောင်ရွက်**
- **ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးများ ကောင်းမွန်နေရန်နှင့် ထုပ်ပိုးမှုများလည်း ကောင်းမွန်ရန်လို**

»» **စာမျက်နှာ ၄ မှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများ၊ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ခတ်ပုံရိုက်ကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနသို့ ရောက်ရှိကြရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက မြေဆိပ်ဖြေဆေးထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး မြေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်နှင့် ပတ်သက်၍ စက်၏ စွမ်းဆောင်ရည်များ၊ အသုံးပြုပုံများနှင့် ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်လုပ်မှုနည်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက် Freeze Dryer Machine အသစ်ကို ခလုတ်နှိပ်၍ စတင်လည်ပတ်စေသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆေးဝါးစက်ရုံ(အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများနှင့်အတူ ဝန်ထမ်းစုပေါင်းစားရိပ်သာ၌ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဆေးဝါးလုပ်ငန်း BPI သည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းကပင် အရည်အသွေးပြည့်ဝသည့် ဆေးဝါးများကို ထုတ်လုပ်ခဲ့ပြီး ယခုအချိန်အထိ နာမည်ကောင်းဖြင့် ကျော်ကြားလျက်ရှိကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ ထုတ်လုပ်သည့် မြေဆိပ်ဖြေဆေးအပါအဝင် အခြားသောဆေးဝါးမျိုးစုံတို့သည် လူတို့၏ အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါဘယများမှ ကာကွယ်ခြင်းနှင့် ကုသခြင်းတို့ကို စွမ်းဆောင်ပေးနိုင်ပြီး လူသားတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေသဖြင့် မွန်မြတ်သည့် အလုပ်တစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် ရှိပြီးဖြစ်သည့် အရည်အသွေးကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာလည်း ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးဝါးပညာရှင်ကြီးများ၏ လက်ဆင့်ကမ်းမျှဝေမှု၊ မျိုးဆက်သစ်ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်သဖြင့် မိမိအနေဖြင့် များစွာချီးကျူးအသိအမှတ်ပြုပါကြောင်း၊ နောင်တွင်လည်း ယခုထက်ပိုမို နိုင်ငံ့အကျိုး၊ ပြည်သူလူထုတို့၏ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်)မှ ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားဆေးဝါးပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၁၉၅၈ ခုနှစ်တွင်ဖွင့်လှစ်ခဲ့

မြန်မာ့ဆေးဝါးလုပ်ငန်း BPI ကို ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူခဲ့ပြီး ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် နိုင်ငံတော်သမ္မတဦးဝင်းမောင်က ဗမာနိုင်ငံဆေးဝါးစက်ရုံ (Burma Pharmaceutical Industry,BPI) အမည်ဖြင့် ဖွင့်လှစ်ခဲ့ပြီး ဆေးဝါး ၄၁ မျိုးနှင့် ကပ်ရောဂါကာကွယ်ဆေး ခြောက်မျိုးတို့ကို စတင်ထုတ်လုပ်ခဲ့သည်။ မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် အရည်အသွေး အာနိသင်ထက်မြက်သည့် ဆေးဝါးများကို သင့်တင့်မျှတသည့် စျေးနှုန်းဖြင့် ခေတ်အဆက်ဆက် ထုတ်လုပ်ရောင်းချခဲ့ကာ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးဝါးထုတ်လုပ်မှု အခန်းကဏ္ဍကို ဦးဆောင်လျက်ရှိပြီး မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ လူစွမ်းအားအရင်းအမြစ်ကို အခြေပြု၍ ဆေးဝါးစက်ရုံ(အင်းစိန်)၊ သုတေသနဌာန၊ ဆေးဝါးစက်ရုံ (ရွာသာကြီး)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မော်ဘီ)၊ မြင်းမွေးမြူရေးစခန်း(မြစ်ခြေ)၊ ဆေးဝါးစက်ရုံ(ပြင်ဦးလွင်)၊ တပ်မတော်ဆေးဝါးစက်ရုံ (မော်ဘီ)၊ မြင်းမွေးမြူရေးစခန်း(ရန်ပယ်)၊မြင်းမွေးမြူရေးစခန်း(ဟဲဟိုး)၊ ဆေးဝါးစက်ရုံ(စစ်ကိုင်း)နှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) တို့ကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ BPI ဆေးဝါးထုတ်လုပ်မှုသမိုင်းပြခန်းကို မြန်မာနိုင်ငံ၏ နိုင်ငံပိုင်စက်ရုံအနေဖြင့် နှစ်ပေါင်း ၆၀ ကျော် ခေတ်အဆက်ဆက် ဆေးဝါးထုတ်လုပ်မှု အတွေ့အကြုံများ၊ စက်ပစ္စည်းများ၊ ထုတ်လုပ်မှုနည်းစဉ်များ၊ မှီငြမ်းအသုံးပြုသောဆေးကျမ်းကြီးများ၊ လူစွမ်းအားအရင်းအမြစ် အခြေပြု ဖွံ့ဖြိုးတိုးတက်လာမှုများ၊ တန်ဖိုးရှိသော သမိုင်းဖြစ်ရပ်များအား ထိန်းသိမ်းရန်နှင့် နောင်လာနောက်သားများ သိရှိလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

နေပြည်တော် သြဂုတ် ၁၄

မြန်မာ အီလက်ထရွန်နစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်က မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူက Myanmar Electronic Voting Machine (MEVM) စမ်းသပ်တည်ဆောက် ထားရှိမှုနှင့် ပတ်သက်၍ ထိန်းချုပ်စက် (Control Unit)၊ ဆန္ဒပြုစက် (Ballot Unit)၊ ဆန္ဒပြုချက်မှန်ကန်မှု ရှိ/မရှိ ပြသသောစက် (Verification Unit)၊ မဲပုံးနှင့် ဘက်ထရီများ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ထည့်သွင်းအသုံးပြုထားသည့် စက်များနှင့် အသုံးပြုရခြင်း ရည်ရွယ်ချက်များ၊ မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူရေတွက်ခြင်း၊ မဲပေးစက်ကို ထုပ်ပိုးသိမ်းဆည်းခြင်းနှင့် မဲပေးစက်၏ လုံခြုံစိတ်ချရမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်း စဝ ဦးတို့က မြန်မာအီလက်ထရွန်နစ် မဲပေးစက်အား လေ့လာကြည့်ရှုပြီး လက်တွေ့အသုံးပြု၍ စမ်းသပ် မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများသည် စက်မှု ဝန်ကြီးဌာနသို့ သွားရောက်ပြီး မြန်မာအီလက်ထရွန်နစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ရာ အရာထမ်း၊ အမှုထမ်း ၈၅ ဦး တက်ရောက်၍ လက်တွေ့ မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇)ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် သြဂုတ် ၁၄

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစကြီး အုပ်ချုပ်သူများဖိုရမ်နှင့် အခြားဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အခမ်းအနားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ကြီးမှူးဌ၍ ကူမင်းမြို့ ၌ သြဂုတ် ၁၆ ရက် မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို "Solidarity Coordination & Coordination for Common Development" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ကဏ္ဍစုံပြခန်းပေါင်း ၁၅ ခန်း ပါဝင်မည်ဖြစ်ကြောင်း၊ 4th China–South Asia Cooperation Forum၊ 2023 GMS Economic Corridor Governors Forum ၊ The 16th China– Southeast Asia Business Forum ၊ The 4th Forum on China– South Asia Technology Transfer and Collaborative Innovation ၊ The 11th China– South Asia & Southeast Asia Arts Week ၊ The 4th Lancang – Mekong ၊ Audiovisual Week တို့ အပါအဝင် ဖိုရမ် ၁၀ ခုကျော်ကိုလည်း တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အွန်လိုင်းတွင် တစ်ပြိုင်နက်တည်း တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖလှယ်ရေး ပိုမိုမြှင့်တင်စေရန်၊ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားရန်နှင့် ချစ်ကြည်ရင်းနှီးမှုများကို မျှဝေသွားရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ပြပွဲကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

မော်လမြိုင် သြဂုတ် ၁၄

၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားကို သြဂုတ်၁၄ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မူလတန်းကျောင်းသူ သမီးငယ်လေးများက "သန့်လေးသန့်" ကဗျာသီဆို၍ ဖွင့်လှစ်ခဲ့ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နှစ်စဉ် စာသင်နှစ်တစ်နှစ်၏ သြဂုတ်လ ဒုတိယ အပတ်တွင် ကျောင်းသား ကျောင်းသူများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ပိုမိုသိရှိလာပြီး ကျန်းမာရေးအဆင့်မြှင့် ကျောင်းထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ကြောင်း၊ လူငယ်ကို အခြေခံသည့် အနာဂတ်ကို စာသင်ကျောင်းမှစတင်ပြီး တည်ဆောက်ရာတွင် "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ ကျောင်းသားလူငယ်များ၏ ကျန်းမာရေးပြည့်စုံကောင်းမွန်နေရုံသာမက ဗဟုသုတပြည့်စုံသည့် လူငယ်များ မွေးထုတ်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများအပါအဝင် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍ၊ အခြားနီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် မိဘပြည်သူလူထုတို့ ပူးပေါင်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်း ကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ်လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်း ပြသနေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကာ မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက အိုင်အိုဒင်းဆားနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ မူလတန်းကျောင်းသူများက "ရန်သူ" ကဗျာသီဆိုကာ ပြည်နယ်ဝန်ကြီးချုပ်က ကဗျာသီဆိုကြသော ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသူအားလုံးကို သန်ချဆေးတိုက်ကျွေးခြင်းကို လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းဆင့်ကျောင်းသူများကို သံဓာတ်အားဆေးတိုက်ကျွေးခြင်းကို လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းဆင့်ကျောင်းသူများ၏ အာဟာရအတွက် မေးခွန်း(၁၀၀)ဖြေဆိုနေမှုကို လည်းကောင်း၊ မူလတန်းကျောင်းသူများက အစားအစာအုပ်စု သုံးအုပ်စု အာဟာရပညာပေးရောင်စုံခြယ်ခြင်းကို လည်းကောင်း၊ "ကျန်းမာပျော်ရွှင်ပညာသင်၊ စွမ်းရည်ထက်မြက် အနာဂတ်အတွက်" ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူများ သိမှတ်လိုက်နာဆောင်ရွက်သင့်သော ကျန်းမာရေးဆိုင်ရာ ပညာပေးပြခန်းပြသထားရှိမှုကို လည်းကောင်း၊ ကျောင်းသူများက လက်ဆေးနည်းအဆင့်ဆင့်သရုပ်ပြခြင်း၊ စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြခြင်း၊ အာဟာရအုပ်စုသုံးအုပ်စုတွင်ပါဝင်သော အစားအစာများ ခင်းကျင်း သရုပ်ပြသခြင်းကိုလည်းကောင်း၊ လှည့်လည်ကြည့်ရှုအားပေးကာ သရုပ်ပြသခြင်းဆောင်ရွက်သော ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ ကျင်းပ

အုတ်ဖို သြဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေးနှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို အထက(အုတ်ဖို) ဇရာခန်းမတွင် သြဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်ယဉ်လှိုင်က အဖွင့် အမှာစကားပြောကြားကာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်းက ကျောင်းသား ကျောင်းသူများ ကျန်းမာရေးအသိပညာတိုးပွားလာပြီး ကျန်းမာကြံ့ခိုင်မှသာ ပညာသင်ကြားမှုကို အထောက်အကူဖြစ်ပြီး နိုင်ငံတော်အတွက် အားကိုးရသော သားကောင်းရတနာများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီးက ကျောင်းသား ကျောင်းသူများအတွက် သန်ချဆေးနှင့် သံဓာတ်အားဆေးတို့ကို ပေးအပ်ရာ အထက(အုတ်ဖို)ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းကြူက လက်ခံရယူခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ ၁၃ ခုအား နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရုပ်သိမ်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
သတင်းထုတ်ပြန်ချက်
၂၀၂၃ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီ (၁၃) ခုသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာမှုမရှိသဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) အား အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်-

(၁) Prime Residence Co., Ltd
(၂) West Line Co., Ltd
(၃) IMA Co., Ltd
(၄) Great Father Great Sons General Trading Co., Ltd
(၅) Gold Foil Co., Ltd
(၆) Big Lion Gems Co., Ltd
(၇) Global International Investment & Development Co., Ltd
(၈) World Fortune International Finance Group Shares Co., Ltd
(၉) Myat Nan Yone Services Co.,Ltd
(၁၀) LP Holding Co., Ltd
(၁၁) Golden Myanmar Asia Crown Travels & Tours Co., Ltd
(၁၂) Yangon KSA Travels & Tours Co., Ltd
(၁၃) Balance Co., Ltd

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းရှိ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

စစ်တွေ သြဂုတ် ၁၄

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပေါက်တောမြို့နယ် ကြိမ်နီပြင် IDP စခန်းရှိ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ပေါက်တောမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် IDP စခန်းရှင်းလင်းဆောင်၌ အိမ်ထောင်စုများနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ များစွာရှိကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော် အကြီးကဲ၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်နေပါကြောင်း၊ မုန်းတိုင်းသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ အိမ်ထောင်စုများအတွက် လည်း စားရေရိက္ခာနှင့် တည်ဆောက်ရေး ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ IDP စခန်းတွင် နေထိုင်ကြသူများအနေဖြင့် စခန်းတာဝန်ခံများ၏ ဦးဆောင်မှုဖြင့် စည်းစည်းလုံးလုံးဖြင့်နေထိုင်ကြစေလိုကြောင်း၊ ယခုထောက်ပံ့ပေးအပ်မည့် ထောက်ပံ့ပစ္စည်းများကိုလည်း အိမ်ထောင်စုများမျှတစွာ ခွဲဝေသုံးစွဲကြစေလိုကြောင်းနှင့် လိုအပ်ချက်များရှိပါက လည်း တင်ပြပေးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆန်၊ Family Kit၊ ရေသန့်၊ ခြင်ထောင်၊ တာပေါ်လင်၊ သွပ်ပြားများနှင့် သစ်များကို ပေးအပ်ကြရာ အိမ်ထောင်စုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပေါက်တောမြို့သို့ သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ

ဦးကျန်အေးက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသည့် လူနာများကိုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်၍ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

တင်ထွန်း(ပြန်/ဆက်)

လူငယ်နှင့် အကောင်းဆုံးသော ဘဝကိုတည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

တောင်ငူ သြဂုတ် ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်း၍ သြဂုတ် ၁၂ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ စာရေးဆရာ ဒေါက်တာခင်မောင်ညိုရေးသားထားသည့် လူငယ်နှင့် အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

ရှင်းလင်းပြောကြား

ဦးစွာ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း နာယက(၁) စာရေးဆရာ ကေတုမောင်ညိုလင်းက အဖွင့်အမှာစကား ပြောကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို ကျင်းပရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း နာယက (၁) စာရေးဆရာ ကေတုမောင်ညိုလင်းက "ဉာဏ်ရည်ဉာဏ်သွေး အတွေးအခေါ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Book Club နာယက (၂) ဦးမြသိန်းက "လူငယ်နှင့် စူးစမ်းလေ့လာမှုများ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Book Club ဥက္ကဋ္ဌ မောင်ယဉ်ထွေး(တက္ကသိုလ်) က "ပညာရေးအစ စာအုပ်များဖြင့် အစပြု"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင် ဦးချစ်ကိုကိုက "လူငယ်နှင့်အမြင်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဖွဲ့ဝင် ဦးသန့်ဇင်က "မှားမှာ မကြောက်ပါနဲ့" ခေါင်းစဉ်ဖြင့် လည်းကောင်းဆွေးနွေးပြောကြားပြီး Book Club နာယက(၁) စာရေးဆရာ ကေတုမောင်ညိုလင်းက ဆွေးနွေးချက်များအပေါ် ပြန်လည်ခြုံငုံသုံးသပ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စပါးရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင် ထိန်းသိမ်းမှု(အခြေခံ)ဆင့်ပွားသင်တန်း ဖွင့်လှစ်

ကျောင်းကုန်း သြဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၌ စပါးရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင် ထိန်းသိမ်းမှု(အခြေခံ)ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အဆိုပါစက်မှုလယ်ယာ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ခင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁)ဗိုလ်မှူးနေဝင်းနောင်က သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။

အဆိုပါ စပါးရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) ဆင့်ပွားသင်တန်းသို့ ပုသိမ်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ခင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူ သင်တန်းသား ၆၀တို့တက်ရောက်ခဲ့ပြီး သင်တန်းကို ယနေ့မှ သြဂုတ် ၁၈ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

မင်းကင်းမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

မင်းကင်း သြဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက သလာဘာကျေးရွာ တောင်သူ ဦးထွန်းစိန်၏ လယ်မြေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ဧရာမင်းမျိုးစေ့ထုတ် စံပြကွက်စိုက်ပျိုးခြင်းအားဖြင့် ဒေသကိုက်ညီသည့် စပါးမျိုးကောင်းမျိုးသန့်များ မြို့နယ်အတွင်း အလွယ်တကူဝယ်ယူရရှိနိုင်ကြောင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ကြောင်း၊ ရာသီဥတုဒဏ်၊ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းကြေးကြေပ်မှူးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံတောင်သူများ၊ ကောက်စိုက်သမများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သော ခုနစ်ရက်မြောက်နေ့ မြင်ကွင်း

ယနေ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သော ခုနစ်ရက်မြောက်နေ့(တနလင်္ဂနေ့)ဖြစ်သည်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆီ ဦးတည်ရာလမ်းကြောင်းတွင် ဘုရားဖူးယာဉ်များ သင့်တင့်စွာရှိနေသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမရှိ ဗုဒ္ဓပရိဝုဏ်အတွင်းသို့ ချောမွေ့စွာ ရောက်ရှိနိုင်ခဲ့သည်။

ရာသီဥတုမှာ အေးချမ်းသော မိုးရိပ်ရှိသောကြောင့် ဘုရားဖူးပြည်သူပရိသတ်များ သက်သောင့်သက်သာရှိနေသည်။ နားနေရာ သုဓမ္မာဇရပ်တန်းများတွင်လည်း နားနေသူပရိသတ်တို့ဖြင့် ပြည့်နေသော်လည်း ကျပ်တည်းမှုမရှိပါ။ စာသင်ကျောင်းများနှင့် အစိုးရရုံးများ ပိတ်ရက်မဟုတ်၍ ဘုရားဖူးပရိသတ် လျော့ကျမည်ဟု ထင်မိသည်။ အမှန်မှာ စာသင်ကျောင်းများနှင့် အစိုးရရုံးများ ပိတ်ရက်များကဲ့သို့ပင် ဗုဒ္ဓပရိဝုဏ်အတွင်း ဘုရားဖူးပရိသတ်များဖြင့် စည်ကားပြည့်နှက်နေခြင်းသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ခိုးတော်ကြီးမားခြင်းကြောင့်ပင်ဖြစ်သည်။

နေ့စဉ်မပျက် စတုဒိသာ ဒံပေါက် အလှူပေးလျက်ရှိသော မဏ္ဍာပ်သို့ မေးမြန်းစေ့ငုကြည့်မိသောအခါ ခုနစ်ရက်သားသမီးများ၏ စုပေါင်းဒါန အာဟာရအလှူဖြစ်ကြောင်း ပြောကြားလျက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူဖူးမြော်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည့် သြဂုတ် ၈ ရက်မှ ၁၆ ရက်အထိ ကျွေးမွေးလှူဒါန်းရန် စီစဉ်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ဗုဒ္ဓဥယျာဉ်တော်သို့ အဝင်မုခ်ဦး ဖြတ်သန်းပြီးချိန်တွင် ထပ်မံရောက်ရှိလာသော အနယ်နယ်အရပ်ရပ်မှ ကျောင်းသားကျောင်းသူလေးများ၊ ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများနှင့် ပြုစုစောင့်ရှောက်သူ ပရဟိတစိတ်ထားအရင်းခံ လူငယ်မောင်မယ်များ၊ သံဃာတော်များ၊ သီလရှင်များ၊ ဘုရားဖူးဇည့်သည်များ တဖွဲ့ဖွဲ့ ဝင်ရောက်ခဲ့ရာ ရင်ပြင်တော်၊ ရေပန်း၊ ကျောက်စာရုံစေတီတော်များတွင် ပရိသတ်အုံ့ကြွဖွယ်လေ့လာစရာများ၊ မှတ်တမ်းနှင့် အပျော်တမ်းဓာတ်ပုံရိုက်ကြသော၊ အပြန်အလှန်ငြင်းခုံရင်း ဆယ်ကျော်သက်အရွယ် ကျောင်းသားလူငယ် မောင်မယ်များ၏ ဗဟုသုတ ဖြည့်ဆည်းကြပုံများသည် အနာဂတ်နိုင်ငံတော်၏ ရင်သွေးငယ်များတွင် တည်ရှိနေသည့် ကြိုးစားလိုစိတ်၊ လေ့လာမှတ်သားလိုစိတ်များကို ဖော်ပြနေသော မြင်ကွင်းတစ်ခုအဖြစ် အမှတ်ထင်ထင် တွေ့ရှိခဲ့ရသည်။

ယာဉ်ထိန်း တာဝန်ယူထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲများကလည်း ယာဉ်အဝင်အထွက်နှင့် ရပ်နားရန်နေရာများညွှန်ပြပေးလျက် ဝင်ထွက်သွားလာမှုများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ “မိုးရာသီဆိုတော့ လမ်းဘေးချပြီး ပါကင်ထိုးရတာများ ပြည့်လျှံခဲ့သည့်မြင်ကွင်းကိုလည်း တွေ့မြင်ခဲ့ရသည်။

ယနေ့တွင် ဂီုးချဲလေးများတန်းစီ၍ ဘုရားဖူးလာရောက်ခဲ့သော ဘိုးဘွားများနှင့် တစ်ပြိုင်တည်း တက်ကြွရွင်လန်းသော

စာမျက်နှာ ၉ သို့ »»»

ကမ္ဘာ့အကြီးဆုံးဖြစ်တဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တို့အဘိုးအဘွားတွေတော့ မသေခင်ဖူးရအောင် ငါတို့အတတ်နိုင်ဆုံး ရောက်အောင်ပို့ပေးမယ်ဆိုပြီး စိတ်အားထက်သန်စွာနဲ့ လာရောက်ပို့ပေးရခြင်းဖြစ်ပါတယ်

ဦးကြည် (ပျဉ်းမနားမြို့နယ်)

တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်
ဓာတ်ပုံ - နေမျိုး

ကမ္ဘာပေါ်ရှိ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အားဖြင့် အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူဖူးမြော်ကြည်ညြိုခွင့်ရရန် ဖွင့်လှစ်ပေးခဲ့သော ခုနစ်ရက်မြောက်နေ့ဖြစ်သည့် ယနေ့ (သြဂုတ် ၁၄ ရက်)တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယင်းသို့ မရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာကြသော ဘုရားဖူးလာ ရဟန်းရှင်လူများ၏ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ရခြင်းနှင့် ဝမ်းသာပီတိ စကားသံများကို တွေ့ဆုံမေးမြန်းကာ ပြန်လည်ဖော်ပြလိုက်ရပါသည်။

ဒေါက်တာအရှင်အဂ္ဂဉာဏ

ဦးကြည်

ဒေါ်ပြော

ဒေါ်အေးအေးသင်း

မဝင်းစန္ဒာလှိုင်

မောင်ထွန်းနောင်ဟိန်း

ဒေါက်တာအရှင်အဂ္ဂဉာဏ
ရေတာရှည်မြို့နယ်

ဘုန်းကြီးက ရေတာရှည်မြို့နယ်အောင်သစ္စာစာသင်တိုက် ပဓာနနာယကဆရာတော်ပါ။ ဘုန်းဘုန်းတို့ မနက် ၆ နာရီလောက်ကကြွလာတာ။ ကျောင်းက စာသင်တိုက်ဆိုတော့ သံဃာတော်တွေများတဲ့အတွက် ဒီနေ့တစ်ဖွဲ့၊ မနက်ဖြန်တစ်ဖွဲ့ ခွဲပို့မှာဖြစ်ပါတယ်။ စာသင်သားတွေက ၁၀၀ ဝန်းကျင်လောက်ရှိတယ်။ ကျောက်စာရုံစေတီတွေမှာဆိုရင် ပိဋ္ဌကတ်သုံးပုံတော်လာအဋ္ဌကထာဋီကာကျမ်းစာတွေကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့နဲ့ထွင်းထုထားတာတွေ လေ့လာဖြစ်တယ်။ ဘုန်းဘုန်းသိသလောက်ဆိုရင် ရိုမန်ဘာသာနဲ့ ထွင်းထုထားတော့ နိုင်ငံခြားသားတွေ သိတာပေါ့။ ရိုမန်အတိုင်း သူတို့နိုင်ငံနဲ့ကိုက်ညီတဲ့ definition သူတို့ကိုယ်တိုင် သူတို့ဖွင့်ရမှာပေါ့။ ဘယ်နိုင်ငံကလာလာ နားလည်လွယ်တယ်၊ သဘောပေါက် လွယ်တယ်။ ဘုန်းဘုန်းတို့ဆိုရင် ပါဠိစာပေကို ကိုယ့်ဘာသာ မြန်မာလိုပြန်လိုက်တော့ ပိုပြီးသိရတာပေါ့။ အဲဒီလိုပဲ ပါဠိစာပေကို မြန်မာလိုပြန်နိုင်တဲ့သူတွေဆို ပိုအဆင်ပြေမယ်ထင်တယ်။ ရိုမန်ဘာသာနဲ့ ဆိုရင်လည်းဘယ်နိုင်ငံကပဲလာလာ လေ့လာဖတ်ရှုခွင့်ရမယ်။ ဒီဘုရားဝင်းကြီးတစ်ခုလုံးကို စကျင်ကျောက်တွေနဲ့ တည်ဆောက်ထားတာ အင်မတန်မှကောင်းပါတယ်။ အဲဒီအတွက် ဝမ်းသာသလို ပီတိလည်းဖြစ်မိပါတယ်။ ဂန္ဓကုဋီတိုက်တွေမှာဆိုရင် စကျင်ကျောက်တွေကို ထွင်းထုထားတဲ့ ရုပ်ပုံတွေနဲ့ ပန်းချီကားချပ်တွေကို လှလှပပ သပ်သပ်ရပ်ရပ်နဲ့ ရေးဆွဲထားတာတွေ တွေ့ရပါတယ်။

ဦးကြည်
ပျဉ်းမနားမြို့နယ်

အဘကတော့ ပျဉ်းမနားမြို့စိုးလျှပ်စစ်ဖောင်ဒေးရှင်း အေးငြိမ်းချမ်းသာ ဂိုလာနဘိုးဘွားရိပ်သာက ဂေဟာမှူးပါ။ အဘတို့အနေနဲ့ကတော့ ဒီစကျင်ကျောက်တုံးကြီးကို ခဲရာခဲဆစ်အဆင့်ဆင့်သယ်လာတာတွေကို ရုပ်မြင်သံကြားနဲ့ ကြေးမုံ၊ မြန်မာ့အလင်း သတင်းစာတွေမှာ ကြည့်ရှုရပါတယ်။ ဦးဆောင်သူတွေကိုလည်းအင်မတန်မှ လေးစားဖွယ်ကောင်းပါတယ်။ ဘုရားကြီးတည်တဲ့ အခါမှာလည်း ဖူးမြော်ကြည်ညိုရပါတယ်။ ဘုရားကြီးတည်ပြီးပြီဆိုတာနဲ့ အဘတို့ စဉ်းစားတယ်။ အဘတို့ ဘိုးဘွားရိပ်သာမှာ အသက်အရွယ်ကြီးတဲ့ အဘိုး အဘွားတွေ အတော်များတယ်။ ကမ္ဘာ့အကြီးဆုံးဖြစ်တဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တို့အဘိုး အဘွားတွေတော့ မသေခင်ဖူးရအောင် ငါတို့အတတ်နိုင်ဆုံး ရောက်အောင်ပို့ပေးမယ်ဆိုပြီး စိတ်အားထက်သန်စွာနဲ့ လာရောက်ပို့ပေးရခြင်းဖြစ်ပါတယ်။ အဘိုးအဘွား ၁၈ ယောက်ကို ဘုရားကြီးကို ဖူးမြော်နိုင်အောင်လာရောက်ပို့ဆောင်တာပါ။ ကျွန်တော့် အနေနဲ့ ဒီဘုရားကို လူတိုင်းလာရောက် ဖူးမြော်သင့်တယ်လို့ တိုက်တွန်းချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးမှုမပျက် ထွင်းထုထားတဲ့ ကျောက်စာတွေရှိမယ်၊ ဗိသုကာလက်ရာတွေရှိမယ်၊ ဒီဘုရားကြီးရဲ့ ထုဆစ်ထားတဲ့ အချိုးအစားတွေကအစ လေ့လာစရာ၊ မှတ်သားစရာ၊ အတုယူစရာတွေ အများကြီးပါ။ ပြောရမယ်ဆိုရင် အဘတို့အနေနဲ့ အသက်လည်းကြီးပြီ။ ဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက်လည်း သေပျော်ပြီလို့ပဲ ပြောရမှာပေါ့။

ဒေါ်ပြော
တောင်ကြီး

အဘွားကတော့ တောင်ကြီးမြို့ညောင်ဖြူ ရပ်ကွက်ကပါ။ တောင်ကြီးကနေ မနက် ၅ နာရီလောက်က ထွက်လာတာ။ ဒီမှာရောက်တော့ ဘုရားဖူးရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ စိတ်ထဲမှာလည်း ကြည်နူးပီတိဖြစ်ရပါတယ်။ ဒီဘုရားကို ဖူးရတဲ့အတွက် ဦးဆောင်ဘုရားဒါယကာကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ရုပ်မြင်သံကြားမှာဖူးရတာ ထက်စာရင် ကိုယ်တိုင်ကိုယ်ကျ အပြင်မှာဖူးရတာဆိုတော့ အတော်လည်း ကြည်နူးဖို့ကောင်းတယ်၊ ဘုရားကြီးက အင်မတန်ကိုသပ္ပာယ်လှပါတယ်။ ဖူးချင်နေတာတော့ ကြာနေပြီ အဲဒါနဲ့ မိသားစုတွေ၊ အိမ်နီးနားချင်းတွေစုပြီး လာရောက်ဖူးမြော်တာပါ။ ဒီနေ့မှပဲ ဖူးမြော်နိုင်တော့တယ်။

ဒေါ်အေးအေးသင်း
တောင်ညို

ကျွန်မက တောင်ညိုကနေ လာရောက်ဖူးမြော်တာပါ။ ကျွန်မတို့ လာဖူးတာ ခုနစ်ယောက်ပါ။ ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ တွေ့ပြီးကတည်း က ဖူးချင်နေတာပါ။ အဲဒါနဲ့ ထီးတင်တဲ့နေ့ကလည်း လာခဲ့ပါသေးတယ်။ အလုပ်ကမအားတာနဲ့ အခုမှပဲ လာရောက်ဖူးမြော်တာပါ။ ကိုယ်တိုင်လာဖူးတော့ ပိုပြီးကြည်ညိုရတာပေါ့။ ဘုရားကြီးက အတော်လည်း သပ္ပာယ်ကြည်ညိုစရာ ကောင်းပါတယ်။ ပြီးတော့ ဂန္ဓကုဋီတိုက်တွေထဲမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေကို ပန်းချီကားချပ်တွေ ရေးဆွဲပြီး သရုပ်ဖော်ထားတာတွေ့ရတယ်။ လေ့လာဖတ်ရှုလိုက်တော့ ကိုယ်မသိတာတွေ အများကြီးတွေ့ရတယ်။ အဲဒီအတွက်လည်း ဗဟုသုတများစွာ ရပါတယ်။ ပြီးတော့ ကိုယ့်ကလေးတွေကိုလည်း ပြန်ပြီးဆုံးမသွန်သင်လို့ရတဲ့အတွက် ဘုရားကြီးတည်ဖို့ ဦးဆောင်ဦးရွက် ပြုခဲ့သူတွေကို ကျေးဇူးတင်သလို ဘုရားကြီးကို အခုလို အနီးအနားမှာ ဖူးခွင့်ရလို့လည်း ဝမ်းလည်းသာရပါတယ်။

မဝင်းစန္ဒာလှိုင်
မြောက်ဥက္ကလာပမြို့နယ်

ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီးမြောက်ဥက္ကလာပမြို့နယ်ကပါ။ ဘုရားကြီးကို ဖူးမြော်ချင်တာနဲ့ နေပြည်တော်က အစ်မတွေဆီမှာတည်းပြီး လာရောက်ဖူးမြော်တာပါ။ ဖူးချင်တာကတော့ ကြာပါပြီ။ အွန်လိုင်းနဲ့ ရုပ်မြင်သံကြားတွေမှာ တွေ့ကတည်းက လာရောက်ဖူးမြော်ချင်တာ။ တစ်ယောက်တည်းလာဖို့ဆိုတာလည်း မလွယ်ဘူးလေ။ အခု သူငယ်ချင်းတွေ၊ မိသားစုတွေ၊ အိမ်နီးချင်းတွေ ကားစုဌားပြီး လာဖူးတာပါ။ ဒီကိုရောက်တော့ ဘုရားကြီးကို အရင်ဆုံးဖူးတယ်။ ဂန္ဓကုဋီတိုက်တွေထဲမှာ ဗုဒ္ဓဝင်ဇာတ်တော်တွေနဲ့ ၂၄ ပစ္စည်းတွေကို စကျင်ကျောက်ပေါ်မှာ ထွင်းထုထားတာတွေ တွေ့ရတယ်။ အဲဒါတွေကို လေ့လာဖတ်ရှုသင့်ပါတယ်။ အခုလက်ရှိ လောကသားတွေအပြင် နောင်လာနောက်သားတွေအတွက်ပါ အဖိုးမဖြတ်နိုင်တဲ့ ဗိသုကာလက်ရာတွေပဲ ဖြစ်ပါတယ်။ ဒီဘုရားဝင်းကြီးထဲမှာရှိသမျှ အရာအားလုံးဟာ ဗုဒ္ဓဘာသာဝင်အားလုံးအတွက် ဝမ်းသာစရာ၊ ကြည်နူးစရာ၊ ဂုဏ်ယူစရာတွေချည်းပါပဲ။ အခုတော့ ဘုရားကြီးနဲ့ ဂန္ဓကုဋီတိုက်တွေကိုပဲ လေ့လာဖူးမြော်ရပါ သေးတယ်။ အခြားနေရာတွေကို သွားပြီးလေ့လာဦးမှာပါ။

မောင်ထွန်းနောင်ဟိန်း
အထက (၁) ဇေယျာသီရိမြို့နယ်

ဘုရားကြီးက အင်မတန်မှ သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းပါတယ်။ ဘုရားလာဖူးတဲ့သူ အတော်များများက မြန်မာဆန်ဆန် လေးတွေ ဝတ်စားဆင်ယင်လာကြတာတွေ့ရပါတယ်။ ကျွန်တော်တို့ကျောင်းသားတွေကို ဒီဘုရားကြီးကို လိုက်ပို့ပေးတဲ့ ဇေယျာသီရိမြို့နယ် အထက (၁) က ဆရာဆရာမတွေကို အထူးပင်ကျေးဇူးတင်ပါတယ်။ အခုလိုလိုက်ပို့ပေးတဲ့အတွက် အမှတ်တရတွေရှိသလို ကျွန်တော်တို့ သူငယ်ချင်းတွေ အတွက်လည်း အမှတ်တရတွေ အများကြီးပါ။ အခုလို ဘုရားကြီးကို လာရောက်ဖူးမြော် လို့ရတဲ့ အမှတ်တရတွေကိုတော့ လူဘဝမှာ ရခဲလှပါတယ်။ ကျွန်တော်တို့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးဆီ လာရောက် ဖူးမြော် တဲ့အချိန်မှာ အိန္ဒိယလူမျိုးတွေနဲ့ သီရိလင်္ကာလူမျိုးတွေကိုလည်း တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ ဓာတ်ပုံတွဲရိုက်ကြတယ်။ ကိုယ့်နိုင်ငံက ဘုရားကြီးကို အခြားနိုင်ငံတွေကနေ လာရောက်လေ့လာဖူးမြော်ကြတော့ အင်မတန်ပီတိဖြစ်ရပါတယ်။ ကျွန်တော်လို ကျောင်းသား တစ်ယောက်ရဲ့ အမြင်ကို ပြောရရင် အခုလို ကမ္ဘာပေါ်မှာ အကြီးဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ဖို့ဆိုတာ လွယ်တဲ့အရာမဟုတ်ပါဘူး။ ဗုဒ္ဓဝင် ဇာတ်တော်တွေလည်း ဖတ်ရှုလေ့လာပြီးပါပြီ။ အဲဒါတွေကို လေ့လာကျင့်ကြံ နိုင်မယ်ဆိုရင် ပိုကောင်းမယ်ထင်ပါတယ်။ အဲဒီလို ကျင့်ကြံနိုင်ဖို့ဆိုရင် အရင်ဆုံးသည်း ခံနိုင်ရမယ်။ ပြောချင်တာက တော့ လူတိုင်းလူတိုင်းမှာ ကိုယ်ချင်းစာ တရားထားနိုင်ဖို့ပဲ အရေးကြီးတယ် လို့မြင်ပါတယ်။

»» **စာမျက်နှာ ၈ မှ**

မြေကျွံမှာစိုးရတယ်”ဆိုသော ခရီးသည်တင်ယာဉ်မောင်းတစ်ဦး၏ အသံကိုလည်း ကြားခဲ့ရသည်။

တည်ဆောက်ရေးလုပ်ငန်းများ အလုံးစုံပြီးဆုံးချိန်တွင် စနစ်ကျလှပသော ယာဉ်ရပ်နားကွင်းများ ပေါ်ထွန်းလာမည်ဖြစ်ရာ ယာဉ်ရပ်နားရာတွင် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲကို မအောင့်နိုင်သူ၏ ညည်းတွားမှုဖြစ်သည်ဟု လူကြီးပိုင်းအရွယ် ပုဂ္ဂိုလ်၏ မှတ်ချက်ပြုသံကိုလည်း ကြားခဲ့ရသည်။

မည်သို့ပင်ဆိုစေကာမူ ရင်ပြင်တော်သို့ အဝင်လမ်းနှင့် ကျောက်စာရုံစေတီများ၏ ဖြူဖွေးတောက်ပလျက်ရှိသော အရောင်များ၊ ဗုဒ္ဓ၏တရားတော် ဓမ္မခန္ဓာများ၊ ငြိမ်းချမ်းသော သန္တိသုခခံစားမှုများအကြား ကျေနပ်ကြလျက်ရှိပုံကိုလည်း တွေ့မြင်ကြည်နူးရပါသည်။

ရင်ပြင်တော်သို့ ရောက်ရှိစဉ် ထုထည်ဉာဏ်တော်ကြီးမားလျက် ဗုဒ္ဓလက္ခဏာတော်များ၊ ဂုဏ်တော်များနှင့် ပြည့်စုံသော ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ပြီး နောက်ကလေးများကပျော်ရွှင်၊ လူငယ်များကကြည်နူး၊ လူကြီးများက သာဓုအနုမောဒနာခေါ်ဆိုလျက် ရိုပုံမှာ ဗုဒ္ဓအရိပ်အာဝါသ၏ အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ စိတ်နှလုံးချမ်းမြေ့ခြင်းများကို အားလုံးခံစားခဲ့ကြရသည်။

ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓပရိဝုဏ်အတွင်း လမ်းညွှန်ဆိုင်းဘုတ်များ မရှိ၍လော မသိပါ။ ယမန်နေ့များက ဖူးမြော်သူအနည်းငယ်သာရှိခဲ့သော မဟာဗောဓိညောင်ပင်တွင် ယနေ့အထူးစည်းကားလျက်ရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သူများသည် သက်ဆိုင်ရာနေ့နံအလိုက် ရေသပ္ပာယ်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်းဖြင့် ကုသိုလ်ယူသူများ အထူးပင်များပြားလှသည်ကို တွေ့ရသည်။

ယနေ့သည် မိုးသားအုံ့မှိုင်း၍ မိုးရွာသွန်းမှုမရှိပါ။ မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်း ဘုရားဖူးဧည့်ပရိသတ်တို့သည် ယမန်နေ့များကဲ့သို့ တစ်ခဏက်မဟုတ်ခဲ့သော်လည်းတလိမ့်လိမ့် တစ်စိမ့်စိမ့်နှင့် အလျင်မပြတ်သော အနယ်နယ်အရပ်ရပ်မှဘုရားဖူးများ ၊ ပြည်ပမှ လာရောက်လေ့လာဖူးမြော်သူများ၊ ရိပ်သာများ၊ စာသင်တိုက်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ခရီးသွားလာရင်း ရန်ကုန်-မန္တလေး အမြန်လမ်းမှ ဝင်ရောက်ဖူးမြော်သူများဖြင့် စည်ကားလှသော မြင်ကွင်းကို ရေးသားတင်ပြလိုက်ရပါသည်။

အလင်းသစ်၊ နေမျိုး၊ သန်းတင်အောင်

နိုင်ငံ၏အနာဂတ်ကို အကောင်းဆုံးပုံဖော်ထုဆစ်ကြမည့် လူငယ်များဖြစ်အောင် ကြိုးစားအားထုတ်ကြပါစို့

မောင်ငြိမ်းအေး

အသက် (၁၅) နှစ်အရွယ် ကျော်လာသူကို လူငယ်ဟုဆို၏။ လူငယ်များသည် ကလေးနှင့် လူကြီးဟူသော အရွယ်နှစ်ခု၏စပ်ကြား ပေါင်းကူး တံတားဖြစ်၏။ ကလေးဘဝမှ လွန်မြောက်လာသော်လည်း လူကြီးဘဝသို့လည်း မရောက်သေး။ ရင့်ကျက်သောလူကြီးမဖြစ်သေးသည့်တိုင်အောင် ဆင်ခြင်တုံတရားကင်းမဲ့သောကလေးလည်းမဟုတ်တော့။ အရာရာကို လက်တွေ့ကျကျ လေ့လာ ဆည်းပူးသည့်အရွယ်။ ကလေးဘဝကဲ့သို့ လူကြီး ပြောသမျှ ခြွင်းချက်မရှိလက်မခံတတ်။ လက်တွေ့ နှင့်ယှဉ်၍ မှန်၏၊ မမှန်၏၊ ကောင်း၏၊ မကောင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ပြီးမှ လက်ခံသောအရွယ် ဖြစ်သည်။

လူငယ်သည် လူပျိုပေါက်စ (၁၄)/ (၁၅) နှစ် အရွယ်မှစ၍ အုပ်စုဖွဲ့နေထိုင်လာတတ်သည်။ တူညီ သောဝါသနာကို ဗဟိုပြု၍ စုစည်းနေထိုင်တတ်ကြ သကဲ့သို့ တူညီသောခံစားချက်များကြောင့်လည်း သိပ်သည်းသောအဖွဲ့အစည်းများ ဖွဲ့စည်းမိတတ်ကြ သည်။ အုပ်စုဖွဲ့လိုခြင်းသည် လူငယ်သဘာဝပင်ဖြစ် သည်။ အုပ်စုဖွဲ့နေထိုင်ရာတွင် ခေါင်းဆောင်များ ရှိတတ်သည်။ လူငယ်များ အုပ်စုဖွဲ့နေထိုင်ကြရာတွင် ကောင်းသောအချက်များရှိသကဲ့သို့ အန္တရာယ်ရှိ သောအလားအလာများလည်း ရှိတတ်သည်ကို လေ့လာတွေ့ရှိနိုင်သည်။ အချင်းချင်း ညှာတာ ထောက်ထား ရိုင်းပင်းကူညီသော အလေ့အကျင့် သည် တန်ဖိုးမဖြတ်နိုင်သည့် ကောင်းသောဓလေ့ စရိုက်ဖြစ်သည်။

ဆရာတင်မှား

သို့သော် အုပ်စုတစ်စုနှင့်တစ်စု အပြိုင်အဆိုင် စိတ်၊ မည်ညွှတ်သောစိတ်၊ ဗိုလ်လုလိုသောစိတ်နှင့် အဖျက်သဘောဆောင်သော၊ အကျင့်စာရိတ္တကို ပျက်ပြားစေသောအလုပ်များကို တစ်ဦးချင်း မကျူးလွန်၊ မဝံ့မရဲသည့်တိုင် အုပ်စုဖွဲ့မိသောအခါ အုပ်စုလိုက် ကျူးလွန်တတ်ခြင်းတို့သည် မကောင်း သောဓလေ့စရိုက်များဖြစ်သည်။ ဤအရွယ်လူငယ် များသည် လူကြီးစကားကို လက်မခံကြဆိုသော်လည်း ၎င်းတို့လက်ခံသောလူကြီး(၀ါ) ခေါင်းဆောင် စကားကိုမူ တစ်သဝေမတိမ်းလိုက်နာတတ်ကြ သည်။ ဤသည်ပင် ဆရာတင်မှား၊ ရေလိုက်လွှဲသော အခါ ငါးပါးမှောက်သည့်အဖြစ်များနှင့် လူငယ်များ ကြုံတွေ့တတ်ကြရသည်ကို တွေ့မြင်နိုင်သည်။

အလွှာစုံပါဝင်

မြန်မာနိုင်ငံ ကလေးသူငယ်အက်ဥပဒေအရ အသက် (၁၆) နှစ်အောက်ကို ကလေးသူငယ်ဟု ဆိုထားသဖြင့် အသက် (၁၆) နှစ်မှ (၂၅) နှစ်အထိကို လူငယ်ဟုသတ်မှတ်ရမည်ဖြစ်သည်။ အသက်အုပ်စု အတွင်းတွင် အခြေခံပညာ၊ အဆင့်မြင့်ပညာများ သင်ကြားနေကြသူများ၊ သင်ကြားပြီးမြောက်၍ နိုင်ငံ့တာဝန်၊ လူမှုဘဝတာဝန်ထမ်းဆောင်နေသူများ၊ ပြင်ပတွင်အလုပ်လုပ်နေသူများ၊ အကြောင်းကြောင်း ကြောင့် အလယ်တန်းပညာ၊ အထက်တန်းပညာဖြင့် ပင် အလုပ်လုပ်နေကြသူများ၊ အလုပ်လုပ်ခွင့်မရ သေးသူများ၊ အလုပ်မလုပ်ဘဲနေသူများ၊ လမ်းမှား ရောက်နေသူများ၊ ဘဝရပ်တည်ရေးအတွက် ဖြစ်သလို အသက်မွေးဝမ်းကျောင်းပြုနေသူများ စသည်ဖြင့် လူငယ်လူတန်းစားအလွှာစုံပါဝင်ကြ မည်ဖြစ်သည်။

လူတန်းစားအလွှာအားဖြင့် မည်သို့ပင်ကွဲပြား စေကာမူ လူငယ်သည် လူငယ်သာဖြစ်၍ လူငယ်တို့ သည် ထူးခြားသောအားမာန်များကို ပိုင်ဆိုင်ထားကြ သည်။ စိတ်ဓာတ်တက်ကြွခြင်း၊ စူးစမ်းလိုခြင်း၊ စွန့်စားလိုခြင်း၊ အများ၏အားထားမှုကို ခံယူလိုခြင်း၊ ကိုယ်ကျိုးစွန့်ရန် ဆန္ဒရှိခြင်း၊ ကာယအားဖြင့် အပြည့် အဝရှိခြင်းတို့မှာ လူငယ်တို့၏အားမာန်များဖြစ် သည်။ အလားတူ အချစ်နှင့်ပတ်သက်၍စိတ်ကူးယဉ် ခြင်း၊ ခံစားတတ်ခြင်း၊ စွန့်စားခန်းများကို နှစ်သက် ခြင်း၊ လွတ်လပ်ပျော်ရွှင်စွာနေလိုခြင်း စသည့် ယေဘုယျလိုအင်များ တူညီကြသည်။ သို့တစေ ဖို၊ မ ကွဲပြားမှုအရ၊ ရင့်ကျက်မှုအရ၊ သိမှုအရည်အချင်း အရ၊ ပတ်ဝန်းကျင်လူမှုဘဝအရ၊ စီးပွားရေးအရ နှစ်သက်မှုသဘောထားများ ကွဲပြားလေသည်။

အခြေခံအကျဆုံး

ကလေးသူငယ်အရွယ်တွင် လက်ဦးဆရာ ဖြစ်သော မိဘများက “မကောင်းမြစ်တာ ကောင်းရာ ညွှန်လတ်” ဆိုသည့်အတိုင်း ပြုစုပျိုးထောင် လမ်းမှန် ညွှန်ပြ မြေတောင်မြှောက်ပေးခဲ့သည်။ မိဘလက်မှ လွတ်သည့်အခါ ပြုပြင်ပျိုးထောင်ရာနေရာသည် စာသင်ကျောင်းဖြစ်သည်။ စာကို ကောင်းစွာသင်ယူ မှသာ လူကောင်းလူတော်ဖြစ်နိုင်သည်။ ဆရာသည် တပည့်များအား ပညာတတ်မြောက်ရေးသာမက စိတ်ဓာတ်ပညာအမွေပေးသူများလည်းဖြစ်သည်။ “ဆရာကောင်းတပည့် ပန်းကောင်းပန်” ဆိုသကဲ့သို့ ဆရာကောင်းတပည့်ဖြစ်ရခြင်းသည် ကံကောင်း ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း ပညာကောင်းစွာသင်ကြားရေးသည် လူတော် လူကောင်းဖြစ်လာရေးအတွက် အခြေခံအကျဆုံး အချက်ဖြစ်သည်။

ပညာတတ်ပေါများသော တိုင်းပြည်သည် ချမ်းသာကြွယ်ဝသည်ဆိုသဖြင့် နိုင်ငံများသည် ပညာရေးတွင် ရင်းနှီးမြှုပ်နှံကြသည်။ လူငယ်ပညာ တတ်များပေါများသဖြင့် တိုင်းပြည်ကြွယ်ဝချမ်းသာ သည့် နိုင်ငံငယ်ငယ်လေး စင်ကာပူကို အတုယူစရာ အဖြစ် ကြားဖြတ်တင်ပြလိုပါသည်။ စင်ကာပူသည် ၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးစက နိုင်ငံလူဦးရေ ထက်ဝက်ခန့်သည် ပညာမတတ်ခဲ့ကြပါ။ နိုင်ငံတွင် သယံဇာတအရင်းအမြစ်များမရှိသဖြင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး တွင် အဓိကရင်းနှီးမြှုပ်နှံခဲ့သည်။ အစိုးရအသုံးစရိတ် ၏ဘတ်ဂျက် ၂၀ ရာခိုင်နှုန်းခန့်ကို ပညာရေးဘက် တွင် သုံးခဲ့သည်။

အောင်မြင်မှုများရှိ

လူဦးရေခြောက်သန်းခန့်ရှိသည့် စင်ကာပူနိုင်ငံ တွင် အခြေခံပညာ မသင်မနေရသင်ကြရသည်။ မူလတန်းစာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ လေးများသည် အချိန်ဇယားဆွဲပြီး အပြင်းအထန် ကြိုးစားခြင်းမှစတင်၍ တစ်ဆင့်ပြီးတစ်ဆင့် ပညာ သင်ခဲ့ကြရသည်။ အစိုးရက အားပေးမှု၊ လူငယ်များ က ကြိုးစားမှုကြောင့် ယခုအခါ စင်ကာပူသည် ကမ္ဘာ့ မှာ အလေးစားရဆုံးပညာရေးစနစ်ကို ပိုင်ဆိုင်ထား သည်။ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OECD)၏ စစ်တမ်းအရ နိုင်ငံပေါင်း ဂ၅ နိုင်ငံမှ ကျောင်းသားလူငယ်လေးများ၏ သိပ္ပံ၊ သင်္ချာနှင့် စာဖတ်စွမ်းရည်အကဲဖြတ်သည့် စာမေးပွဲတွင် စင်ကာပူကျောင်းသားလူငယ်လေးများက ထိပ်ဆုံးမှ ရရှိခဲ့သည်ဟုသိရသည်။ စင်ကာပူကို ကမ္ဘာ့အချမ်း သာဆုံး၊ အဖွံ့ဖြိုးဆုံး၊ ပညာအတတ်ဆုံးရည်ရွယ် ချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့သည်မှာ အတုယူစရာဖြစ်သည်။

> **“နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယအချက်တွင် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန် နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”ဟူသည့် အချက်ကို ချမှတ်ထားသည်။ တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာတတ်များ ပေါများကြွယ်ဝရန်လိုအပ်ရာ လူငယ်များသည် အဓိကကျသောအရင်းအမြစ်များဖြစ်သည်။ ပညာတတ်ရန်ဆိုသည်ထက် အနာဂတ်နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်း ထမ်းဆောင်နိုင်ရေး၌ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်လူရွယ်များ မွေးထုတ်ပေးရန် အရေးကြီးသည်။ အကျင့် စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသောလူငယ် များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို ဖန်တီးနိုင်မည်”**

ဗြိတိသျှကိုလိုနီခေတ်ကာလ ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO)၏ ကျန်းမာရေးစနစ်ကို ပိုင်ဆိုင်ထားသည်။ ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OECD)၏ စစ်တမ်းအရ နိုင်ငံပေါင်း ဂ၅ နိုင်ငံမှ ကျောင်းသားလူငယ်လေးများ၏ သိပ္ပံ၊ သင်္ချာနှင့် စာဖတ်စွမ်းရည်အကဲဖြတ်သည့် စာမေးပွဲတွင် စင်ကာပူကျောင်းသားလူငယ်လေးများက ထိပ်ဆုံးမှ ရရှိခဲ့သည်ဟုသိရသည်။ စင်ကာပူကို ကမ္ဘာ့အချမ်း သာဆုံး၊ အဖွံ့ဖြိုးဆုံး၊ ပညာအတတ်ဆုံးရည်ရွယ် ချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့သည်မှာ အတုယူစရာဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပညာရေး ကို ပြောင်းလဲမြှင့်တင်ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရသေးပေ။ အခြေခံပညာ (မူလတန်း ပညာ)ကိုပင် ပြီးဆုံးအောင် မသင်ခဲ့ကြရသူများရှိခဲ့ သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း စစ်တမ်းတွင် လူဦးရေ ၁၆ ဒသမ ၈၉ သန်းတွင် အသက် (၁၅) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်များ ဖြစ်သည်ဟုဆိုထားသည်။ စစ်တမ်းတွင် မြန်မာနိုင်ငံ ၏ ပညာရေးနိမ့်ကျခဲ့ကြောင်းလည်း ဖော်ပြထား သည်။ တကယ်တမ်းတွင် နိုင်ငံလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိနေသည့် တန်ဖိုးမဖြတ်နိုင်သော၊ အားမာန်များနှင့်ပြည့်စုံသော မြန်မာနိုင်ငံမှ လူငယ် များ ပညာကိုကောင်းစွာသင်ကြား၊ အသိပညာ၊ အတတ်ပညာများ တတ်မြောက်ကြပါက လူငယ် များ၏ဉာဏ်ပညာစွမ်းပကားများဖြင့် မိမိတို့၏ အကျိုး၊ နိုင်ငံတော်၏အကျိုးများကို ထိရောက်စွာ အကျိုးပြုနိုင်ကြမည်ဖြစ်သည်။

ပညာရေးမြှင့်တင်

မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ တိုးတက်မြင့်မား ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်က သြဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် “ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းမည်ဆိုပါက နိုင်ငံ သားတိုင်း အသိပညာ၊အတတ်ပညာလိုအပ်ကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူငယ်များကိုအခြေခံ သည့်အနာဂတ်ကို ဖန်တီးပေးရန်နှင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးနှင့် မိမိတို့ရည်မှန်းထားသည့် အနိမ့်ဆုံးအဆင့် KG+9 အဆင့် ပြီးမြောက်အောင်မြင် အောင် ဆောင်ရွက်ပေးရန်လိုကြောင်း” လမ်းညွှန်ခဲ့ သည်။

ကလေးသူငယ်လူငယ်လူရွယ်များကို မြေ တောင်မြှောက်ပေးရာ၌ “ဆရာကောင်းတပည့် ပန်းကောင်းပန်”ဆိုသကဲ့သို့ ဆရာများ အရည် အသွေးမြင့်မားရေးနှင့် လိုအပ်ချက်များ မြှင့်တင်ပေး ရေးသည် အရေးကြီးပေသည်။ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန်အတွက် ပညာရေး ဝန်ထမ်းများ လိုအပ်ချက်ပြည့်မီရေး၊ ထိုက်သင့်သည့် ရာထူးနေရာများရရှိရေး၊ လုပ်ငန်းခွင်ပျော်ရွှင်မှု ရရှိရေးဖန်တီးပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်။ ဗလငါးတန်နှင့်ပြည့်စုံ သည့်လူငယ်များကို မွေးထုတ်ရာတွင် ဆရာ ဆရာမ များသည် အဓိကတာဝန်ရှိပြီး ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှု ကောင်းမွန်မှသာ အနာဂတ်တွင် နိုင်ငံတော်ကအားထားရသည့် အရည်အချင်းပြည့်ဝ သောလူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ဘက်စုံပညာရေး

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် ပထမ အချက်တွင် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ် ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေ ရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင် ရေး” အချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်အစိုးရ က ဘက်စုံပညာရေးစနစ်ကို ဦးတည်ဆောင်ရွက်နေ သည်။ ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များ အဖြစ်အသိပညာရှင်၊အတတ်ပညာရှင်များမွေးထုတ် ပေးနိုင်ရန် အခြေခံပညာအထက်တန်းကျောင်းများ၌ ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များအပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာဘာသာရပ်များကို တွဲဖက်သင်ကြားပေးလျက်ရှိသည်။ အခြေခံပညာ၊ ဒီပလိုမာသင်တန်းများမှတစ်ဆင့် အဆင့်မြင့်ပညာ များ အဆင့်ဆင့်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တတိယ အချက်တွင် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစု အဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင် ဆောင်ရွက်ရေး”ဟူသည့်အချက်ကို ချမှတ်ထား သည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရန် အတွက် ပညာတတ်များ ပေါများကြွယ်ဝရန်လိုအပ် ရာ လူငယ်များသည် အဓိကကျသောအရင်းအမြစ် များဖြစ်သည်။ ပညာတတ်ရန်ဆိုသည်ထက် အနာဂတ်နိုင်ငံတော်၏တာဝန်များကို လက်ဆင့် ကမ်း ပခုံးပြောင်းထမ်းဆောင်နိုင်ရေး၌ ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ ဟူသည့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်လူရွယ် များ မွေးထုတ်ပေးရန် အရေးကြီးသည်။ အကျင့် စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသောလူငယ် များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို ဖန်တီးနိုင်မည်ဖြစ်သည်။ စာမျက်နှာ ၁၁ သို့

ဓာတ်ခွဲနမူနာစုစုပေါင်း ၃၆၂၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်လေးဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၃-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၄-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၆၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁۹ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁۹ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁۹ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့်အရာထမ်းမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် သြဂုတ် ၁၄

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့် အရာထမ်းမွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ် (၄၆) ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ အဖွဲ့အစည်းများနှင့် ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အလယ်အလတ်အဆင့် အရာထမ်းများသည် အထက်အဆင့်နှင့် အောက်အဆင့်ကြားတွင် စီမံခန့်ခွဲမှုများ ဟန်ချက်ညီအောင် ထိန်းညှိ ဆောင်ရွက်ပေးရသော အရာထမ်းများဖြစ်ကြသဖြင့် လုပ်ငန်းရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဆက်စပ်နေသည့် အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက်သွယ်၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်မှု ရှိစေရေးအတွက် ခေတ်စနစ်နှင့်လျော်ညီသော အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ လက်ထောက်ညွှန်ကြားရေးမှူး ၄၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❍ မြန်မာ ယူ-၂၃

မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံသို့ ကြိုတင်သွားရောက်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားခြင်းဖြစ်သည်။ ကူဝိတ် ယူ-၂၃ အသင်းမှာလည်း စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် အသင်းဖြစ်သည်။ မြန်မာအသင်းသည် ကူဝိတ်အသင်းကို ခြေရည်တူကစားနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပြည့်ဖြိုးသူ (ဂိုး)၊ ဥာဏ်လင်းထက်၊ လတ်ဝေဘုန်း၊ သက်ဟိန်းစိုး၊ ရှင်းသန့်အောင်၊ အာကာကျော်၊ စိုးမင်းဦး၊ ခွန်ကျော်ဇင်ဟိန်း၊ ချစ်အေး၊ မိုးဆွေ၊ စွမ်းထက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများပြောင်းလဲကစားခဲ့သည်။ ကူဝိတ်အသင်းအတွက် အနိုင်ဂိုးကို ၉၀+၅ မိနစ်တွင် အယ်လ်ဝါဒီက သွင်းယူခဲ့သည်။

အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲကို သြဂုတ် ၁၇ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

တာချီလိတ်မြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

တာချီလိတ် သြဂုတ် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က သင်တန်းသားများအား ရှာဖွေကယ်ဆယ်ရေးဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ ပရဟိတ/လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စိတ်ဝင်စားသည့် သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်(ပြန်/ဆက်)**

✪ စာမျက်နှာ ၁၀ မှ

လမ်းကြောင်းမှန်ပေါ်

အနာဂတ်တွင် လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးရေးနှင့်စပ်လျဉ်း၍ "ခေတ်မီတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားမှသာ ပိုင်းခြားဝေဖန်လုပ်ကိုင်နိုင်သည့် အတွေးအခေါ်များ ရရှိမည်ဖြစ်သောကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး ပညာရည်မြင့်မားအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အနာဂတ်လူငယ်များကို မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာကို ထိန်းသိမ်းတတ်စေရန်နှင့် တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့် ရင်ပေါင်တန်းနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုကဲ့သို့ အနာဂတ်လူငယ်များအား လမ်းကြောင်းမှန်ပေါ်သို့ရောက်အောင် တည့်မတ်ထိန်းကျောင်းပေးနိုင်မှသာလျှင် တိုင်းပြည်၏အနာဂတ် တည်ဆောက်ရေးလုပ်ငန်းများအတွက် အားကိုးအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း" နိုင်ငံတော်အကြီးအကဲက သြဂုတ်လ ၇ ရက်နေ့တွင် အသစ်ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံအနာဂတ်အတွက် အားထားရမည့်လူငယ်များနှင့် ပတ်သက်၍ စိတ်မကောင်းဖွယ်ရာ အခြေအနေများကိုလည်း မြင်တွေ့နေရသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် အချို့သော EAO အဖွဲ့များ၏ လုပ်ဆောင်မှုများကြောင့် တိုင်းရင်းသားဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိသည့်အပြင် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုအခွင့်အရေးများ များစွာဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေသည်။ ထို့အပြင် ပညာသင်ကြားပေးသော ဆရာ ဆရာမများအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခဲ့ကြသည်ကိုလည်း ဝမ်းနည်းဖွယ်တွေ့မြင်နေရသည်။ ထို့အပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များတွင် ပညာသင်ကြားကြရမည့်၊ အလုပ်လုပ်ကိုင်ကြရမည့် လူငယ်များ အများစုပါဝင်နေသည်မှာ နိုင်ငံအတွက် ဆုံးရှုံးမှုသာဖြစ်သည်။

သတိပြုကြရမည်

အထက်တွင် တင်ပြထားသကဲ့သို့ လူငယ်များ၏သဘာဝအတိုင်း လူကြီးမိဘ ဆရာသမားများ၏ ဆုံးမစကားများကို လက်မခံကြဘဲ နိုင်ငံရေးအမှောင့်ပယောဂများ သွတ်သွင်းပေးကြသည့် ၎င်းတို့၏ လူကြီး(၀ါ) ခေါင်းဆောင်စကားကို တစ်သဝေမတိမ်းလိုက်နာပြီး လမ်းမှားသို့ရောက်နေကြသော အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်နေသည့် လူငယ်များကို စိတ်မကောင်းဖွယ် တွေ့ကြရမည်ဖြစ်သည်။ ဆရာတင်မှား၊ ရေလိုက်လွဲသောအခါ နောက်ပြန်ဆုတ်မရတော့သည့် ငါးပါးမှောက်သည့်အဖြစ်များကြားတွင် လူငယ်များ ဇွတ်တိုးနေသည်ကိုတွေ့မြင်နိုင်သည်။ ယခုအခါ ပြစ်မှုကြီးကြီးမားမားမကျူးလွန်ခဲ့ကြသောလူငယ်များမှာ လမ်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရသည်။

လူငယ်လူရွယ်များသည် ပင်ကိုအားဖြင့် အစွမ်းအစရှိပြီးသားဖြစ်သည်။ စာရေးသူတို့အပါအဝင် မိဘဆရာသမားတိုင်းက လူငယ်လူရွယ်တိုင်းကို တိုးတက်ကောင်းမွန်စေလိုသည်။ ဆရာထက်တပည့်က ထက်စေလိုသည်။ အဖထက် သားက သာစေလိုသည်။ အစ်ကိုထက် ညီက မြင့်စေလိုသည်။ သို့မှသာ မျိုးဆက်သစ်များ တိုးတက်ကြီးပွားလာမည်ဖြစ်သည်။ အချို့လူငယ်များသည် တိုးတက်မှုကို မရှာလိုကြ၊ အသိပညာကြွယ်ဝမှုကို လျစ်လျူရှုကြ၊ လောင်းကစား၊ အပျော်အပါးများတွင် အချိန်ဖြုန်းနေသူများလည်းရှိသည်။ တိုးတက်မှုကို ကြိုးစားရှာဖွေနေကြသည့်လူငယ်အချို့မှာလည်း အပေါင်းအသင်းမှား၊ ဆရာတင်မှား၍ လမ်းမှားသို့ရောက်ကြသည်။ ပို၍ဆိုးသည်မှာ နိုင်ငံရေးပယောဂကြောင့် လူကောင်းဘဝမှ ပြင်၍မရတော့သည့် အကြမ်းဖက်သမားဘဝသို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။ လူငယ်တို့သည် အစွမ်းအစများ ကိုယ်စီရှိကြသည်။ သို့သော် "လှေလှော်၊ လှေခတ်ကောင်းသော်လည်း ရေကြောင်းမသိက မှောက်တတ်" သကဲ့သို့၊ "လူတော်လူကောင်းဖြစ်သော်လည်း အပေါင်းအသင်းမတတ်က ချောက်ကျ"သကဲ့သို့ အဖြစ်ဆိုးများကို သတိပြုကြရမည်ဖြစ်သည်။

လူငယ်များအား စေတနာစကားပါးလိုပါသည်။ ယနေ့လူငယ်များအတွက် အချိန်သည် တန်ဖိုးအရှိဆုံးဖြစ်သည်။ လူတစ်ယောက်ဘဝတွင် မည်သည့်အခါမှ ပြန်မရနိုင်သည့်အရာမှာ အချိန်ဖြစ်သည်။ အချိန်လွန်မှ နောင်တမရစေရန် အချိန်ရှိခိုက် လုံ့လစိုက်၍ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ကြိုးပမ်းစွမ်းဆောင်ကြပါ။ ပညာသင်ချိန်အရွယ်တွင် ပညာကို ကြိုးစားသင်ယူပါ။ စာဖတ်ပါ။ အလုပ်လုပ်သော အချိန်တွင် အလုပ်ကို ကြိုးစားလုပ်ကိုင်၍ စုဆောင်းပါ။ မိမိကိုယ်ကို ယုံကြည်စိတ်အပြည့်ဖြင့် နိုင်ငံ၏ အနာဂတ်ကို အကောင်းဆုံးဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် အစွမ်းကုန် ကြိုးစားသွားကြပါရန် ဆန္ဒပြုလိုက်ပါသည်။ ။

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် သြဂုတ် ၁၄

စစ်တောင်းမြစ်။ ။ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်။ ။ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်။ ။ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟူမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် သြဂုတ် ၁၄

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

ဆောင်ရွက်ပေးလျက်ရှိ

ရေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံအတွက် အရေးပါသည့် ကျောင်းသားလူငယ်များအား စွမ်းရည်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ကျန်းမာရေး အဆင့်မြှင့်ကျောင်းများကို ကျေးလက်ဒေသပါမကျန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်လာစေရန် ပညာသင်ယူမှု ပတ်ဝန်းကျင်ကောင်းများကို ဘက်စုံကဏ္ဍစုံမှ

ဖြည့်ဆည်းကူညီ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များကို ကျောင်းသားမိဘများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆက်စပ်ဌာန အဖွဲ့အစည်းများက ကဏ္ဍပေါင်းစုံ ပူးပေါင်းပြီး စုပေါင်းအားများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် Video Clip ကို ပြသခဲ့ပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကျောင်းကျန်းမာရေး" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းကျန်းမာရေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကား ပြောကြားခဲ့ပြီး အခြေခံပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ခင်းကျင်းပြသထားသည့် ကျောင်းကျန်းမာရေး အသိပညာပေးဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကာ ကျောင်းသား ကျောင်းသူများအား သန်ချဆေး တိုက်ကျွေးခြင်းနှင့် အာဟာရဖြည့်စွက်စာ နို့၊ ကြက်ဥ၊ ငှက်ပျောသီးများ ပေးဝေခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ အသိပညာမြင့်မားရေး ဟောပြောပွဲ၊ ပုံပြင်ပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ပြုလုပ်

သထုံ သြဂုတ် ၁၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားပြီး စာဖတ်ရှိန်မြင့်မားရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ပုံပြင်ပြော၊ ကဗျာရွတ်၊ ပန်းချီဆွဲပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူများနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် အလယ်တန်းအဆင့် ပုံပြင်ပြော၊ ကဗျာရွတ်၊ ဥာဏ်စမ်းပဟေဠိနှင့် ပန်းချီဆွဲပြိုင်ပွဲများကို ကျင်းပရာ ဘင်လှိုင်ရပ်ကွက်ရှိ အမက(လွန်)ဝါးတောကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ အမက(လွန်)ဝါးတောကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသူနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၄၀ ကျော်ခန့်တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူတို့က စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်အထောက်အကူပြုဆွေးနွေးပွဲ (၂/၂၀၂၃)ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် သြဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန သင်္ကန်းကျွန်း ပညာရေးဒီဂရီကောလိပ်ရှိ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ (၂/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါ ကောလိပ်ရှိ ပညာနေခြည်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက "ဖိတ်ခေါ်ပါရစေ ကရင်မြေ"၊ "ချင်းရိုးရာကောက်ရိတ်သိမ်းအက"၊ "ပန်းရောင်စုံနဲ့လှတဲ့မြေ" စသည့် သီချင်းများဖြင့် ကပြဖျော်ဖြေခဲ့သည်။

ဆက်လက်ပြီး သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က ကျေးဇူးတင်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ခဲ့သည်။

အဆိုပါ တိုင်းရင်းသားဘာသာစကားသင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့်အထောက်အကူပြုဆွေးနွေးပွဲ(၂/၂၀၂၃)ကို သြဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်သင်ကြား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းလင်း(ပြန်/ဆက်)

ညောင်လေးပင်မြို့တွင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများဆောင်ရွက်

ညောင်လေးပင် သြဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ထွန်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်း၊ ကျောင်းကျန်းမာရေးအတွက် အာဟာရဖွံ့ဖြိုးရေးလှုပ်ရှားမှုများ ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်အားလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာကျော်ထင်လှိုင်က သွားနှင့်ခံတွင်းအတွင်းဖြစ်ပွားတတ်သော ရောဂါများအကြောင်းအား အသိပညာပေးပြောကြားခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ သံဓာတ်အားဆေးတိုက်ကျွေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းမုန့်စျေးတန်း သန့်ရှင်းမှု ရှိ၊ မရှိအား လိုက်လံစစ်ဆေးခဲ့သည်။

အဆိုပါ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုန္ဓမ်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လွိုင်လင်မြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့သည့် ဓာတ်မြေသြဇာများကို တောင်သူများထံပေးအပ်

လွိုင်လင် သြဂုတ် ၁၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေသြဇာများကို လွိုင်လင်မြို့နယ် တောင်သူများထံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်သူ ဦးတေဇ၏ လယ်အနီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဓာတ်မြေသြဇာများထောက်ပံ့ပေးအပ်ရခြင်းနှင့် ဓာတ်မြေသြဇာအသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည် ဓာတ်မြေသြဇာများကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လွိုင်လင်မြို့နယ်(လွိုင်လင်၊ ပင်လုံ၊ မိုင်းပွန်)မြို့တို့မှ တောင်သူများအား လက်ဝယ်အရောက် ပေးအပ်ကြသည်။

ဆက်လက်၍ ဓာတ်မြေသြဇာကြေပက်ခြင်းကို ကွင်းဆင်းဝန်ထမ်းများက သရုပ်ပြသကြရာ ဌာနဆိုင်ရာ အကြီးအကဲများ တောင်သူများကကြည့်ရှုလေ့လာကြသည်။ လွိုင်လင်ခရိုင်အတွင်း စပါးစိုက်ဧက ၁၀၆၅ ဧကတို့အတွက် တစ်ဧကလျှင် ဓာတ်မြေသြဇာတစ်အိတ်နှုန်းဖြင့် ၁၀၆၅ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကမ္ဘောဒီးယားဝန်ကြီးချုပ်လောင်း ဟွန်မာနက်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်သွားမည်ဟု အပြန်အလှန်ကတိပြု

ဖနောင်ပင် သြဂုတ် ၁၄

ကမ္ဘောဒီးယားနိုင်ငံ၏ ဝန်ကြီးချုပ်လောင်း ဟွန်မာနက်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီအား မြို့တော်ဖနွမ်းပင်တွင် သြဂုတ် ၁၃ ရက်က လက်ခံတွေ့ဆုံခဲ့သည်။ ၎င်းတွေ့ဆုံပွဲတွင် နှစ်နိုင်ငံကြား ဆက်ဆံရေး မြှင့်တင်သွားမည်ဟု ခေါင်းဆောင်နှစ်ဦးအကြား အပြန်အလှန်ကတိပြုခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှခရီးစဉ်

ဝမ်သည် ကမ္ဘောဒီးယားနိုင်ငံသို့ သြဂုတ် ၁၂ ရက်က ရောက်ရှိလာခဲ့ပြီး ယခုခရီးစဉ်သည် ဟွန်မာနက် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏ ပထမဆုံး အရှေ့တောင်အာရှခရီးစဉ် ဖြစ်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီသည် လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်၊ ၎င်း၏သားဖြစ်သူ ဝန်ကြီးချုပ်လောင်း ဟွန်မာနက်အပါအဝင် အခြားကမ္ဘောဒီးယား တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့သည်။ မိမိတို့ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကတိပြုကြောင်း ဝန်ကြီးချုပ်လောင်း ဟွန်မာနက်က ၎င်း၏တယ်လီဂရမ်တွင် ရေးသားဖော်ပြခဲ့သည်။ တရုတ် တစ်နိုင်ငံတည်းမူဝါဒအပေါ် ၎င်းဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရသစ်၏ "မပြောင်းလဲသော ရပ်တည်ချက်" ကို ၎င်း၏ဖေ့စ်ဘွတ်ခ်ပို့စ်တွင် ဟွန်မာနက်က ထပ်မံအတည်ပြုခဲ့သည်။ ဟွန်မာနက်သည် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာဆောင်ရွက်ရေး ပေကျင်း၏ "မယိမ်းယိုင်သော ကတိကဝတ်" ကို ဝမ်ယီက ထပ်လောင်းအတည်ပြုကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်၏ အခိုင်မာဆုံး မဟာမိတ်များထဲမှတစ်ခု ဖြစ်ပြီး တရုတ်နိုင်ငံထံမှ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ရရှိခဲ့သည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားအစိုးရသစ်နှင့် နီးကပ်သော ဆက်ဆံရေးကိုထူထောင်ရန် အဆင်သင့်ရှိပြီး နှစ်နိုင်ငံအကြား ပိုမိုနက်ရှိုင်းသော ဘက်စုံမဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန် အဆင်သင့်ရှိကြောင်း ဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားအစိုးရမှ အဆိုပြုထားသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းကို မြှင့်တင်သွားမည်ဖြစ်ပြီး စက်မှုဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေး ခေတ်မီရေးတို့အတွက် ကမ္ဘောဒီးယားနိုင်ငံနှင့် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား- စီဂျီတီအင်န်၊ သည်စတား

ဘာသာပြန်-စိုးသူရ

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာဒေသတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွား၊ ၁၆ ဦး သေဆုံး

နယူးဒေလီ သြဂုတ် ၁၄

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဟိမဝန္တာဒေသတွင် မုတ်သုံမိုးများ အဆက်မပြတ်ရွာသွန်းမှုများမှတစ်ဆင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၆ ဦးသေဆုံးပြီး ဒေသခံအများအပြားမှာ အပျက်အစီးများကြားတွင် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဟာမီချယ် ပရာဒေ့ရ်ပြည်နယ် ဆိုလန်ခရိုင်တွင် ယမန်နေ့ညက ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကာ လူခုနစ်ဦးသေဆုံးခဲ့ပြီး ပြည်နယ်မြို့တော် ရှင်မယ်လာတွင်လည်း မြေပြိုမှုများဖြစ်ပွားကာ အပျက်အစီးများကြားမှ ရုပ်အလောင်း ကိုးလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပြည်နယ် ဝန်ကြီးချုပ် ဆက်ဗန်ဒါဆင်းဆူကုက တွစ်တာတွင် မှတ်ချက်ပြုပြောကြားသည်။

လက်ရှိအချိန်တွင် ယင်းဖြစ်စဉ်အတွင်း ထိခိုက်ခံစားခဲ့ရသူများအား တာဝန်ရှိသူများက လိုအပ်သည့်အကူအညီများ ပေးအပ်နေကြောင်းနှင့် အပျက်အစီးများအကြားတွင် ပိတ်မိနေသူများအား ကယ်ဆယ်ရေး ဝန်ထမ်းများက ရှာဖွေ ကယ်ဆယ်လျက်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆိုလန်ခရိုင်ရှိ အိမ်များ ရေထဲမျောပါသွားကာ လမ်းများ ရေလျှံခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက Press Trust of India သတင်းစာသို့ ပြောကြားခဲ့သည်။ ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံရာသီ၌ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတောင်တန်းတွင် မြေပြိုမှုနှင့် ရေကြီးမှု စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

သီရိလင်္ကာနိုင်ငံ၌ ပြီးခဲ့သည့်လအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၉ သန်း ရရှိခဲ့

ကိုလံဘို သြဂုတ် ၁၄

သီရိလင်္ကာနိုင်ငံသည် ဇူလိုင်လတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၉ သန်း ရရှိခဲ့ကြောင်း သီရိလင်္ကာဗဟိုဘဏ်၏ အချက်အလက်များကို ကိုးကား၍ ထိပ်တန်းခရီးသွားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ယနေ့တွင် ပြောကြားသည်။

ပြောကြား

ပြီးခဲ့သည့်လက နိုင်ငံတွင်းသို့ ခရီးသွား ၁၄၃၀၃၉ ဦး လာရောက်ခဲ့ကြောင်း သီရိလင်္ကာခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (SLTDA) ဥက္ကဋ္ဌ ပရီယန်သာဖာနန်ဒိုက ထပ်လောင်းပြောကြားသည်။

၎င်း၏အဆိုအရ သြဂုတ် ၁ ရက်မှ ၁၀ ရက်အတွင်း ကမ္ဘာလှည့် ခရီးသွား ၅၁၅၉၄ ဦး လာရောက်ခဲ့ပြီး သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည် ၈၀၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ယခုနှစ်တွင် ခရီးသွားနှစ်သန်းကို ဆွဲဆောင်ရန် ရည်မှန်းထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းနှင့် အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ကျဆင်းခဲ့သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

အီရန်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှု တစ်ရက်လျှင် စည်ပေါင်း ၃ ဒသမ ၂ သန်းအထိ မြင့်တက်

တီဟီရန် သြဂုတ် ၁၄

အီရန်နိုင်ငံ၏ ရေနံစိမ်းထွက်ရှိမှုသည် တစ်ရက်လျှင် စည်ပေါင်း ၃ ဒသမ ၂ သန်းခန့်အထိ မြင့်တက်လာပြီး သြဂုတ်လကုန်တွင် ၃ ဒသမ ၃ သန်းအထိ ရောက်ရှိရန် ခန့်မှန်းထားကြောင်း အီရန်နိုင်ငံ၏ စွမ်းအင်ဝန်ကြီး ဂျာဗက်အိုဝါဂျီက ယမန်နေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံသည် လက်ရှိတွင် နေ့စဉ် ဓာတ်ငွေ့စည်ပေါင်း ၇၀၀၀၀၀ မှ ၈၀၀၀၀၀ ခန့် ထုတ်လုပ်နေကြောင်း ရှာနာသတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။ လက်ရှိတွင် ၎င်း၏ရေနံတင်ပို့မှုသည် အီရန်အစိုးရရည်မှန်းထားသည့် တစ်ရက်လျှင် စည်ပေါင်း ၁ ဒသမ ၄ သန်းကို ကျော်လွန်ခဲ့ကြောင်း Tasnim သတင်းအေဂျင်စီကဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ ခုနှစ် ရျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ပြီး အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ပြန်လည်ချမှတ်ခဲ့သည့်အတွက် အီရန်၏ ရေနံလုပ်ငန်းသည် ဆိုးရွားစွာ အကျပ်ရိုက်ခဲ့သည်။ အဆိုပါပိတ်ဆို့မှုများ မချမှတ်မီအချိန်တွင် အီရန်သည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၂ ဒသမ ၈ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

ဘင်္ဂလားဒေ့ရ်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက်မြင့်တက်

ဒါကာ သြဂုတ် ၁၄

ဘင်္ဂလားဒေ့ရ်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် မြင့်တက်လာနေပြီး ရောဂါကြောင့် သေဆုံးသူ ၃၅၀ ကျော်သွားပြီဖြစ်ကြောင်း အင်နာအိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

တောင်အာရှနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရ်နိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါကို နှစ်စဉ်ကြုံတွေ့နေရသည်။

ဇူလိုင်လတွင် ရောဂါဖြစ်ပွားသူပေါင်း ၄၃၈၀၀ ကျော်နှင့် သေဆုံးသူ ၂၀၄ ဦးရှိကြောင်း သိရသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုပမာဏသည် ယမန်နှစ် အလားတူကာလထက် ၂၈ ဆ နှင့် ၂၃ ဆ မြင့်မားခဲ့သည်။ သြဂုတ်လတွင် ကူးစက်သူ ၃၃၅၀၀ ကျော်နှင့် သေဆုံးသူ ၁၄၇ ဦးအထိရှိခဲ့ပြီး သြဂုတ်လတွင် ရောဂါကူးစက်မှု ပိုမိုမြန်ဆန်လာခဲ့သည်။

သတိပေးထား

ရောဂါကူးစက်မှု အရေအတွက်သည် ယခုလအတွင်း စံချိန်တင်သွားနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ မြို့တော် ဒါကာရှိ ဆေးရုံတစ်ရုံ၌ ရိုက်ယူထားသည့် ဗီဒီယိုဖိုင်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသော ကလေးငယ်များ ကြမ်းပြင်ပေါ်တွင် လဲလျောင်းနေသည်ကို တွေ့ရသည်။ ခြင်မှတစ်ဆင့် ကူးစက်သောသွေးလွန်တုပ်ကွေးရောဂါသည် အဖျားဝေဒနာခံစားရကာ ပြင်းထန်သော ခေါင်းကိုက်ခြင်း အပြင် ကြွက်သားနှင့်အဆစ်များပါ နာကျင်စေသည်။ အက်ဗီလက်ရည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်းစသည့် ကာကွယ်မှုများအပြင် ခြင်ကိုက်ခံရခြင်းများကို ကာကွယ်ရန် တာဝန်ရှိသူများက အကြံပြုထားသည်။

ကိုးကား-အင်နာအိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

အကြမ်းဖက်မှုပယ်ချက်ရေးအတွက် ပြည်သူ့သို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ့ကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိုးညိုမြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဆောင်ရွက်

မိုးညို၊ သြဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာကျော်မိုးက အာဟာရနှင့်ကျန်းမာရေးအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခက်ခက်အောင်က အာဟာရအုပ်စု သုံးအုပ်စုအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အစာအုပ်စု သုံးအုပ်စုပါဝင်အောင် ချက်ပြုတ်ပြသခြင်း၊ ကျန်းမာရေးဝန်ထမ်းများက မိခင်နို့စနစ်တကျ တိုက်ကျွေးနည်း သင်ကြားပြသခြင်း၊ ကိုယ်ဝန်ဆောင်သံဓာတ် အားဆေး နှင့် ဘီဝမ်းဆေးပြားပေးဝေခြင်း၊ ဘီတာမင်အေနှင့်သံချဆေးများတိုက်ကျွေးခြင်း၊ တက်ရောက်လာသောမိခင်လောင်းများ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များအား ကြက်ဥ၊ မုန့်၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ကိုမင်း(ပြန်/ဆက်)

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၁၄

မျက်မှောက် ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "KIAအဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ်၊ မိုးတားလေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့်ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ငါးဦး ဒဏ်ရာရရှိခဲ့" ခေါင်းစဉ်ဖြင့် သြဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "PDF အမည်ခံ အကြမ်းဖက်သမားများက နွားထိုးကြီးမြို့နယ် မင်းရွာကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၊ ကျေးရွာစာသင်ကျောင်းအား မီးရှို့ဖျက်ဆီး၊ ကူညီရေးအသင်း ယာဉ်အား အဝေးထိန်းမိုင်းများဖြင့် ဖောက်ခွဲသည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သော ကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၇၀၉၉၅၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဇော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်ဖြစ်စေ၊ ကြောက်ရွံ့ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း သြဂုတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zin Mar" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅) ရပ်ကွက်နေ လှသင်းနွယ်(ခ)ဇင်မာအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "San Oo Maung" အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေ မြို့နယ် မဟာအောင်မြေအနောက်ရပ်ကွက်ရှိ ပေါင်းလဲဘုန်းကြီးကျောင်းတိုက်နေ ဥုံးဆန္ဒာဝရ(ခ)ဆန်းဦးမောင်အား မွန်းလွဲ ၁ နာရီ မိနစ်၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၈-၂၀၂၃ အင်္ဂါနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကာအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပေတ္တသုတ်၊ဂရတနသုတ် တောရွှံ့သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပုဂံနှင့်ယွန်းထည်
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၃၀ ကျောက္ကာချားကျက်သရေ...နမ်းဟုတ်အပေါ
- ၁၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဝိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိုဝုံး' (အပိုင်း-၄၀)
- ၁၃:၁၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဝုံး' (အပိုင်း-၃၀)
- ၁၆:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဝုံး' (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၂:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဂျာ်ကြေတွာမုန်တိုင်း' (အပိုင်း-၄၅)
- ၂၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ငြောင်းလဲနိုင်ငသာအချိန်စက်ဝန်း' (အပိုင်း-၁၅)

mtv

- 07:01 Evergreen Classic : An Da Yel Kin (Htar)
- 07:10 Paper Products... Plain but Pretty
- 07:31 Inlay Traditional Cotton Clothes
- 07:41 The Banjoist
- 08:01 News
- 08:27 Great Shwedagon - The Sacred Hair Relics Hailing Pagodas
- 08:53 Myanmar Traditional Snacks: Mounhsi Gyaw
- 09:01 Myanma Thanakha
- 09:19 Listening Pleasure, Instrumental Music (Don Min) Pa Pa Win Win
- 09:28 Hsig Khaung Village In Hsihseng
- 09:38 Exceptional Life Styles of Inle Lake
- 10:01 News
- 10:27 The Art of Sand Painting

MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ပုဒ္ဓိပြည့်အလည်တစ်ခေါက်(ဘင်လိုင်ဘုရား)
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ထူးဆန်းဗေဒရှာရခိုင်ဝေလရိုးရာ(ရခိုင်ချိန်ခွင်)
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရိုးရာထိန်းလို့အင်ပိုင်ပေးတို့ရှမ်းမျိုးရဲ့ဓမောက်လေး
- **၀ (၁၂:၀၀ မှ ၁၄:၀၀)** တန်ယန်းမြို့အလှ
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ဗိုင်ဝါးစကားပြောကြာရင်အောင်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** သွားကိုက်ပျောက်ဆေတဲ့နည်း
- **ဝေကကရင် (၁၈:၀၀ မှ ၁၉:၀၀)** တောင်ပေါ်ရိုးရာတူရိယာသံစဉ်များ
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှပေါ်ရန်ဂျီ(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၂:၀၀)** ၄ာ်ပျောသီးမုန့်
- **ချင်း (လိုင်ဆိုး) (၂၂:၀၀ မှ ၂၂:၀၀)** သင်ပယ်ရေးပယ်တို့ချင်းစာ (အပိုင်း-၃၃)
- **ချင်း (ချီး) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းမိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသတင်း
- ၀၈:၄၅ ECONOMIC REVIEW (Part-45)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမုန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ အောင်ဘာလေထီ(အင်္ဂလိပ်စာတန်းထိုး)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အာလ
- ၀၉:၁၀ ဥပဒေရေးရာအကြောင်းကြားဇာတ်လမ်းတို 'ဝင်ကောင်းဆိုးဝါး'
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်း
- ၁၀:၁၀ ဒီမိုကရေစီသည်မှာ(အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာလွှတ်တော်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၁၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)

MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ စိတ်အပန်းဖြေစေယုံ နေပြည်တော်မှ တိမ်ပင်လယ်
- ၀၇:၀၀ တောသူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၀:၀၀ ရေမသေးဘကျော် (အပိုင်း-၂)(ရုပ်ရှင်ဇာတ်လမ်း)
- ၁၉:၀၀ Bamboo-the Tradition of the Future
- ၁၉:၁၀ When food becomes scarce-high-tech farms of the future

MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary - 12 (Climates)
- ၀၇:၁၀ Chengdu Special (EP-7)
- ၁၆:၁၀ MNL 2022 Match (Replay)
- ၁၀:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘော ဘက်ဆေး' (အပိုင်း-၃၇)

SCAN ME

Education Channel ကို ၀ေဒေ၊ တနင်္ဂနွေ ၊ မွန်အပ ၊ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးသွားမှာဖြစ်ပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကုန်စည်ဒိုင်များ၊ ကုန်သိုလှောင်တင်ပို့ရောင်းချသူများနှင့် တွေ့ဆုံပွဲပြုလုပ်

မန္တလေး သြဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကုန်စည်ဒိုင်များ၊ ကုန်သိုလှောင် တင်ပို့ရောင်းချသူများနှင့်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ပြုလုပ်သည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စည်ထုတ်လုပ်မှုတွင် အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်၊ သယ်ပို့၊ သိုလှောင်၊ ဖြန့်ဖြူးသည့်အခါ ကုန်ဈေးနှုန်းများ ပြောင်းလဲလာသည့်အတွက် ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် သင့်လျော်သော ဈေးနှုန်းဖြစ်စေရန် ယခုကဲ့သို့တွေ့ဆုံခြင်းဖြစ်ကြောင်း၊ တက်ရောက်လာကြသူများလည်း ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကုန်စည်ဒိုင်များ၊ ကုန်သိုလှောင်တင်ပို့ရောင်းချသူများက ကုန်စည်စီးဆင်းမှုနှင့် လည်ပတ်ဆောင်ရွက်နေမှုများ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ရောင်းဝယ်ရေးကဏ္ဍတို့တွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့် အကြံပြုဆွေးနွေးတင်ပြချက်များ ကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ကုန်းလမ်း၊ ရေလမ်းနှင့် မီးရထားလမ်းတို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၄

ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပသည်။

အောင်မြင်မှုများရှိ

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာ ၄၃ ရွာတွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ တချို့ဒေသများတွင် စံနမူနာပြ အောင်မြင်မှုများရှိသကဲ့သို့ တချို့ဒေသများတွင် အားစိုက်ဆောင်ရွက်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ စီမံကိန်းဆောင်ရွက်သည့်ပုံစံသည် မိမိတို့ဦးစီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်သည့် ပုံစံမျိုးမဟုတ်ဘဲ ဆက်စပ်ဦးစီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရသည့် ပုံစံဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများ အနေဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့မြို့နယ်များရှိ ဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မူဝါဒပိုင်းဆိုင်ရာများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကြောင်းရာများကို လည်းကောင်းဆွေးနွေးပို့ချကြသည်။

အဆိုပါ စီမံကိန်းအကောင်အထည်ဖော်ရေး သင်တန်းသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ သင်တန်းသား သင်တန်း သူ ၅၁ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ ကျေးရွာအဆင့် နေထိုင်မှုအခြေအနေ စစ်တမ်းကောက်ယူခြင်း၊ မြစ်မိန်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းဆိုင်ရာ စီမံကိန်းအဆိုပြုလွှာရေးသားနည်း၊ ရန်ပုံငွေလွှဲပြောင်းခြင်း၊ ငွေစာရင်းပုံစံရေးသွင်းခြင်း၊ စီမံကိန်းအစီရင်ခံစာရေးသားခြင်းဆိုင်ရာ အကြောင်းအရာများကို လေးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထောက်ပံ့ဆောင်ရွက်ပေးသွားမည်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ဘက်စုံဖွံ့ဖြိုးသည့်ကျေးရွာများ ဖြစ်ပေါ်စေရေး ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိမြို့နယ် ၈၂ မြို့နယ်၊ ကျေးရွာ ၈၈ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလမှာ စီမံကိန်းစတင်သည့်နှစ်မှစ၍ ငါးနှစ်ကြာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကျေးရွာတစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သန်း ၆၀ ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရမည်းသင်းမြို့နယ်၌ သီးနှံအခြေခံထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ရမည်းသင်း သြဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေပြည်သူများဝင်ငွေတိုးရေးလုပ်ငန်း သီးနှံအခြေခံ (ဝိုင်၊ ဖျော်ရည်၊ ယို၊ ဂျယ်လီအမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို သြဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ သစ္စာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုများ ဝင်ငွေတိုးရေးစီမံကိန်း၏ အသေးစား လုပ်ငန်းရှင် ငါးဦး ထွက်ပေါ်လာရေးစီမံကိန်းနှင့် အသေးစား၊ သီးနှံ စားသောက်ကုန်လုပ်ငန်းများ ဖန်တီးရေး စီမံကိန်းလျာထားချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးနှင့် မိသားစုဝင်ငွေ တိုးပွားရေးစသည်တို့ကို ဆွေးနွေးပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သြဂုတ် ၂၀ ရက် အထိစာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

နိုင်ငံတော် သံစုံတီးဝိုင်း အထူးဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် သြဂုတ် ၁၄

နိုင်ငံတော် သံစုံတီးဝိုင်း အထူးဖျော်ဖြေပွဲကို သြဂုတ် ၁၃ ရက်က ရန်ကုန်မြို့ရှိ မြဝတီမီဒီယာစင်တာတွင် ကျင်းပခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ရာ ပရိသတ်များ၏ တောင်းဆိုမှုများအရ အဆိုပါ ဖျော်ဖြေပွဲမှတ်တမ်းအား သြဂုတ် ၁၈ ရက် (သောကြာနေ့)ည ၉ နာရီတွင် MRTV-HD မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတော်သံစုံတီးဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုတွင် နိုင်ငံတော်သီချင်းနှင့် ASEAN Anthem သံစဉ်များ၊ ပဏာမ တေးသွားနှင့်တူရိယာအမျိုးအစား အလိုက် တီးမှုတ်မှုတို့နှင့်အတူ နိုင်ငံကျော် ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များဖြစ်ကြသည့် စိုးသူ၊ L ဆိုင်းဇီနှင့် ပြင်ပတေးသံရှင် ဂျွန်စကစ်၊ မြန်မာ့အသံ ခေတ်ပေါ်တီးဝိုင်းမှ တေးသံရှင်များ ဖြစ်ကြသည့် စောဒယ် နီရယ်၊ စောရက်စ်တာ၊ ရဲရင့်ဝေလွင်၊ မြနန္ဒာ၊ သီရိအောင်၊ မြင့်မြတ်ကျော်တို့နှင့်အတူ သံစုံတီးဝိုင်းမှ အိန္ဒြေစိုးမင်းနှင့် အေးနံ့သာအောင်တို့က မြန်မာသံစဉ် တေးသီချင်းများ၊ တရုတ်၊ အိန္ဒိယနှင့် ရုရှားတေးသီချင်းများ၊ ကမ္ဘာကျော် အင်္ဂလိပ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ထားကြောင်း သိရသည်။ **သတင်းစဉ်**

ကျေးသီးမြို့၌ ဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲနှင့် မြေသြဇာစုပေါင်းကြဲပက်ပွဲကျင်းပ

ကျေးသီး သြဂုတ် ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့၌ ယူရီးယားဓာတ်မြေသြဇာ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျေးသီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးထူးထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလင်းက ယူရီးယားဓာတ်မြေသြဇာများထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့မ၊ မိုင်းကောင်၊ နောင်ဆွမ်း၊ မိုင်းနင်၊ နားလွယ်၊ ဝမ်ခုန့်ကျေးရွာရှိ တောင်သူ ၈၀ ၏ မိုးစပါး၂၂ဖ ဧကအတွက် ယူရီးယားဓာတ်မြေသြဇာ ၁၉၈ အိတ်ကို တောင်သူများ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြေသြဇာစုပေါင်းကြဲပက်ခြင်းကို ကျေးသီးမြို့နယ် မိုင်းကောင်ကျေးရွာ တောင်သူ ဦးစိုင်းပညာ၏ မိုးစပါးမျိုးစေ့ထုတ် စံပြကွက်နှစ်ဧက နေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးဖိုရမ်နှင့် လေ့လာရေး

ခန့်ဇော်(ကျေးလက်)

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စက်ရုံအလုပ်ရုံတွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေကို Research and Development ပိုင်းအတွက် တက္ကသိုလ်၊ ကောလိပ်တွေနဲ့ချိတ်ဆက်ဆောင်ရွက်နိုင်မယ်ဆိုရင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ကောင်းမွန်စေမှာဖြစ်သလို ပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာမယ်လို့ သုံးသပ်မိပါတယ်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းမှ ကျေးလက်ဒေသ ပြန်လည်ဆန်းသစ်ရေး

ညနေပိုင်းလေ့လာမှုအနေနဲ့ ဥစားကြက်မွေးမြူရေးလုပ်နေတဲ့ The Fengji Liangshan Hens Industry Modern Demonstrations Zone ကို သွားရောက်လေ့လာခဲ့ပါတယ်။ ဧကပေါင်း ၂၈၀ ကျော် ကျယ်ဝန်းပါတယ်။ ကြက်မွေးမြူရေး Standard စက်ရုံ ၁၂ ရုံ (ကျွန်တော်တို့ နိုင်ငံမှာဆိုရင်တော့ ခြံပေါ့)၊ ဒီမှာက အိမ်လို့ ပြောလို့ရတယ်လေ၊ အစာစက်ရုံ တစ်ရုံရှိတယ်။ အစာမဝယ်ရဘူးပေါ့။ မြန်မာနိုင်ငံမှာက အစာဝယ်ကြတာများတယ်၊ မထုတ်လုပ်ကြဘူး။ ဒါ့အပြင် ကြက်ချေးတွေကို အသုံးပြုပြီး မြေသြဇာထုတ်တဲ့ သဘာဝမြေသြဇာစက်ရုံ တစ်ရုံပါရှိတာတွေ့ရတယ်။ ဘေးထွက်စွန့်ပစ်ပစ္စည်း ကြက်ချေးတွေကို မြေသြဇာထုတ်တော့ ဘာမှစွန့်ပစ်ဖို့မလိုဘဲ ပြန်အသုံးပြုလို့ရတာပေါ့။ ထောင့်စေ့အောင် စီမံထားနိုင်တာ တွေ့ရပါတယ်။ ကြက်ဥစက်ရုံတည်ဆောက်ထားတဲ့ပုံစံက ကြက်ဥထုတ်လုပ်မှု၊ သန့်ရှင်းမှု၊ ထုပ်ပိုးမှုတွေအားလုံးကို လေ့လာသူတွေ မှန်ခန်းကနေ ကြည့်မြင်နိုင်အောင် လုပ်ထားပေးပါတယ်။ ရှင်းပြဖို့ပြင်ထားတဲ့နေရာတွေမှာလည်း ပြတိုက်လို ပြင်ဆင်ပြသထားတာ တွေ့ရပါတယ်။ R&D Center၊ e-commerce၊ logistics center တွေ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားပြီး Full Industrial Chain Farming Model ဖြစ်တာ တွေ့ရပါတယ်။

ကြက်ဥထုတ်လုပ်မှု တစ်ခုတည်းမလုပ်ဘဲ ကြက်ဥနဲ့လုပ်တဲ့ မုန့်တွေလည်းထုတ်တာ တွေ့ရပါတယ်။ စက်ရုံရဲ့ရည်မှန်းချက်က Overall Process Automation၊ digitization၊ information၊ resource utilization and ecological sustainability ဖြစ်တယ်။ ဥကြက် ၁ ဒသမ ၂ သန်းမွေးမြူထားပြီး ကြက်သားပေါက် သုံးသိန်း ဖောက်နိုင်ပါတယ်။ တစ်နေ့ကို ကြက်ဥတစ်သန်း ထုတ်လုပ်နိုင်ပါတယ်။ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ (ကျေးရွာလယ်သမား) ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model) ဖြစ်ပြီး ယွမ် ၃ ဒသမ ၆ သန်းကို ရွာခြောက်ရွာရဲ့ ဆင်းရဲမှုလျော့ချရေးရန်ပုံငွေမှ ထည့်ဝင်တာ ဖြစ်ပါတယ်။ အိမ်ထောင်စု ၁၀၄၇ စု ဆင်းရဲမှုလျော့ချနိုင်ပြီး ရွာသား ၈၆ ဦးကို အလုပ်ပေးထားနိုင်ပါတယ်။ ခြံလုပ်သား တစ်ဦးက တစ်လကို လစာ ယွမ် ၅၀၀၀ ရပါတယ်။ ယခုမြန်မာငွေနဲ့တွက်ရင် သိန်း ၂၀ ရှိပါတယ်။ အလုပ်သမား ၃၆၀၀ အလုပ်ပေးထားနိုင်ပါတယ်။ ကြက်ဥကို Yellow Swan Brand နဲ့ ထုတ်လုပ်ဖြန့်ဖြူးတာဖြစ်ပြီး ဂျပန်နိုင်ငံရဲ့ နည်းပညာလို့ သိရပါတယ်။ ဈေးကွက်ရဲ့ ၇၀ ရာခိုင်နှုန်း ရရှိထားပါတယ်။

Industrialization ကို ဆောင်ရွက်ရာမှာ Private Sector အနေနဲ့ Seed Capital ဖြစ်တဲ့ ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေး၊ အစိုးရက လုပ်ငန်းလည်ပတ်ဖို့အတွက် အမျိုးသားအဆင့် ပြန်လည်ရှင်သန်ရေးရန်ပုံငွေ(Revitalization Fund)ကတစ်ဆင့် သွင်းအားစုတွေရရှိအောင် ရန်ပုံငွေထောက်ပံ့၊ ပြည်သူ့ကလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး အစိုးရ-ပုဂ္ဂလိက-ပြည်သူ ပူးပေါင်းဆောင်ရွက်တဲ့ စနစ်ကို ကျင့်သုံးဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသမှာ e-Commerce စနစ်ဖွံ့ဖြိုးတိုးတက်လာစေဖို့တင်မက Tourism နဲ့ logistics center တွေကိုပါ ပေါင်းစပ်ထားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုစက်ရုံတွေတည်ဆောက်ရာမှာ Industrial၊ Commercial၊ Tourism နဲ့ logistics center တွေ ပေါင်းစပ်ထားတဲ့ စီးပွားရေးဇုန်အဖြစ် ထုတ်လုပ်မှုကွင်းဆက်အားလုံး ပေါင်းစပ်ထားရှိပြီး E-Commerce Online ဈေးကွက်နဲ့ လက်လီလက်ကားရောင်းဝယ်နိုင်တဲ့ Offline ဈေးကွက် နှစ်မျိုးစလုံးကို ဆောင်ရွက်နိုင်ရင် စက်မှုကဏ္ဍဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုပယျောက်ရေး အတွက် ပိုမိုချိတ်ဆက် ဆောင်ရွက်နိုင်မယ်လို့ သုံးသပ်မိပါတယ်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Pingxin Bayi စံပြကျေးရွာသို့ သွားရောက်လေ့လာစဉ်။

ဧပြီလစ်ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဆင်းရဲမှုလျော့ချရေး

Pingxin Bayi စံပြကျေးရွာကို သွားရောက်လေ့လာခွင့်ရခဲ့တော့ အိမ်ခြေ ၇၆ လုံး၊ လူဦးရေ ၃၀၅ ဦးပဲရှိတဲ့ ကျေးရွာသေးသေးလေးဟာ အတော်သဘောကျစရာပါပဲ။ စိုက်ပျိုးနိုင်တဲ့ မြေပိုင်ဆိုင်မှုအနေနဲ့လည်း သိပ်မများပါဘူး။ ၃၀၅ ဧကပဲရှိပါတယ်။ တစ်အိမ်ကို လေးဧကခန့် ပိုင်ဆိုင်တဲ့သဘောပါပဲ။ စိုက်ပျိုးရေအနေနဲ့ မြေအောက်ရေရတယ်လို့ပြောပါတယ်။ ကုန်ထုတ်လမ်းအားလုံးဟာ ကွန်ကရစ်လမ်းတွေပါ။ စပါးမစိုက်ပါဘူး။ Cash Crop ငွေရလွယ်တဲ့ သီးနှံတွေဖြစ်တဲ့ လိုင်ချီး၊ နဂါးမောက်၊ သခွားမွေးစတဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေကို စိုက်တာတွေ့ရပါတယ်။ ၁၀၀ ရာခိုင်နှုန်း Green House စနစ်ကို ကျင့်သုံးစိုက်ပျိုးကြတာ တွေ့ရပါတယ်။ စပါးစိုက်သလို ရေအများကြီး မလိုအပ်ပါဘူး။ တစ်ရွာလုံး Green House စနစ်သုံးပြီး စိုက်တဲ့သီးနှံတွေဖြစ်တဲ့အတွက် ဈေးကွက်ချိတ်ဆက်မှုအဆင်ပြေတာတွေ့ရပါတယ်။ လယ်သမားတစ်ဦးတစ်နှစ်ဝင်ငွေ ယွမ် ၂၀၀၀၀ မှ ၂၅၀၀၀ တိုးတက်ရရှိခဲ့တာကို လေ့လာခဲ့ရပါတယ်။ မြန်မာငွေ သိန်း ၁၀၀ ဝင်ငွေရှိတဲ့သဘောပေါ့။ အိမ်တွေကို အုပ်စု သုံးစုခွဲပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ လေ့လာခဲ့တဲ့အိမ်က သုံးထပ်အိမ်ဖြစ်ပြီး အိမ်ရှေ့မှာ မာစီဒီး(စ်)ကားတစ်စီးရှိတယ်။ စိုက်ပျိုးမြေ လေးဧကလောက်ပိုင်တယ်။ အိမ်ကောင်းရှိတယ်၊ တိုက်ကောင်းကောင်းပိုင်တယ်၊ ကားပိုင်တယ်၊ Green House ၈၀ လောက်ရှိတယ်။ အိမ်တိုင်း နှစ်ထပ်/သုံးထပ်အိမ်များဖြစ်တယ်။ လှလှပပ၊ သန့်သန့်ရှင်းရှင်းရှိပါတယ်။ ဝင်ငွေကောင်းပြီး အားလုံးအဆင်ပြေပျော်ရွှင်နေကြတာတွေ့ရပါတယ်။ အိမ်တွေမှာ ခြံစည်းရိုးရယ်လို့မရှိဘူး။ အားလုံးအဆင်ပြေကြတော့ ပစ္စည်းမပျောက်၊ သူခိုးမရှိတဲ့သဘောပါပဲ။

ဆင်းရဲမှုလျော့ချရေးစီမံကိန်းတွေ ထောက်ပံ့မှုနဲ့ ဒီလိုဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ စီမံကိန်းက လိုအပ်တဲ့နည်းပညာတွေ၊ သင်တန်းတွေ၊ ငွေကြေးအထောက်အပံ့တွေ ပေးခဲ့ပါတယ်။ ခုတော့ ပတ်ဝန်းကျင်ရှာတွေမှာလည်း ဧက ၆၀၀၀ ကျော် Green House တွေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေပါပြီ။ ဆိပ်ကမ်းနဲ့သိပ်မဝေးတော့ ထုတ်ကုန်တွေ ဈေးကွက်အရောက်ပို့ဖို့လည်း သိပ်မဝေးလှပါဘူး။ စံပြရွာက မြို့လိုပါပဲ၊ အစိုးရရဲ့ အထောက်အပံ့ စီမံကိန်းတစ်ခုတည်းကြောင့်မဟုတ်ပါဘူး။ ရွာသားတွေရဲ့ကြိုးစားအားထုတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကျေးရွာခေါင်းဆောင်ကောင်းမှု၊ မြေအပြည့်အဝ အသုံးချမှု၊ ဈေးကွက်ဝင်ငွေရလွယ်မှု၊ သီးနှံတွေ စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ သီးနှံထွက်စွမ်းအားကောင်းမှုတွေကြောင့် ဝင်ငွေတိုးလာကြတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း သီးနှံတွေ စိုက်ပျိုးရာမှာ Green House စနစ်အသုံးပြုနိုင်ပါက သီးနှံအရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်လာပြီး စိုက်ပျိုးရေးကဏ္ဍ အမြန်ဖွံ့ဖြိုးတိုးတက်လာစေဖို့ အထောက်အကူပြုနိုင်မယ်လို့ သုံးသပ်မိပါတယ်။ သဘာဝဂေဟစနစ်ကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာ ရောက်ပါတယ်။

> **“ ဆင်းရဲမှုလျော့ချရေးစီမံကိန်းတွေ ထောက်ပံ့မှုနဲ့ ဒီလိုဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ စီမံကိန်းက လိုအပ်တဲ့နည်းပညာတွေ၊ သင်တန်းတွေ၊ ငွေကြေးအထောက်အပံ့တွေ ပေးခဲ့ပါတယ်။ ခုတော့ ပတ်ဝန်းကျင်ရှာတွေမှာလည်း ဧက ၆၀၀၀ ကျော် Green House တွေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေပါပြီ။ ဆိပ်ကမ်းနဲ့သိပ်မဝေးတော့ ထုတ်ကုန်တွေ ဈေးကွက်အရောက်ပို့ဖို့လည်း သိပ်မဝေးလှပါဘူး။ စံပြရွာက မြို့လိုပါပဲ၊ အစိုးရရဲ့ အထောက်အပံ့ စီမံကိန်းတစ်ခုတည်းကြောင့်မဟုတ်ပါဘူး။ ရွာသားတွေရဲ့ကြိုးစားအားထုတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကျေးရွာခေါင်းဆောင်ကောင်းမှု၊ မြေအပြည့်အဝ အသုံးချမှု၊ ဈေးကွက်ဝင်ငွေရလွယ်မှု၊ သီးနှံတွေ စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ သီးနှံထွက်စွမ်းအားကောင်းမှုတွေကြောင့် ဝင်ငွေတိုးလာကြတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း သီးနှံတွေ စိုက်ပျိုးရာမှာ Green House စနစ်အသုံးပြုနိုင်ပါက သီးနှံအရည်အသွေးနဲ့ အထွက်နှုန်းကောင်းမွန်လာပြီး စိုက်ပျိုးရေးကဏ္ဍ အမြန်ဖွံ့ဖြိုးတိုးတက်လာစေဖို့ အထောက်အကူပြုနိုင်မယ်လို့ သုံးသပ်မိ ”**

Green House Farming ကို တွေ့ရစဉ်။

စာမျက်နှာ ၁၇ သို့

❁ စာမျက်နှာ ၁၆ မှ

ကျေးလက်ဒေသများ၏ ခံနိုင်ရည်စွမ်းအား ကောင်းစေပြီး ကျေးလက်နေပြည်သူများ ဆင်းရဲတွင်းသို့ ပြန်မကျရောက်စေရန် ကာကွယ်ရေး

"မရှိ တောင့်တ၊ ရှိ ကြောင့်ကြ" ဆိုသလို ဆင်းရဲချိန်က လွတ်မြောက်ဖို့ ကြိုးစားခဲ့ရသလို လွတ်မြောက်လာတဲ့အခါ အရင်ဘဝ ပြန်မရောက်စေဖို့ ပူတောင့်ပူပင်ကြိုးစားကြရပြန်ပါတယ်။ တရုတ်နိုင်ငံဟာ နိုင်ငံရဲ့ ဆင်းရဲမှုရာခိုင်နှုန်း (Poverty Incidence)ကို ၁၉၇၈ ခုနှစ်မှာ ၃၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်မှာ သုညရာခိုင်နှုန်း အထိလျှော့ချနိုင်ခဲ့တာကြောင့် ဆင်းရဲတဲ့လူဦးရေ သန်း ၂၅၀ ခန့် ဆင်းရဲတွင်းက လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှုကို အပြီးတိုင်ပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပေမယ့် ဆင်းရဲနွမ်းပါးမှုအနေအထားကို ပြန်လည်မရောက်ရှိစေဖို့ (Slip Back) ကာလတို၊ ကာလရှည်အစီအစဉ်တွေ ရေးဆွဲဆောင်ရွက်နေကြပါတယ်။ အမြဲမပြတ်စောင့်ကြည့်စစ်ဆေး အကဲဖြတ်ရေးအစီအစဉ် (M&E) တွေ ဆောင်ရွက်နေတာတွေ့ရတော့ မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေရဲ့ ကာလတို၊ ကာလရှည်အစီအမံတွေ အပေါ် စဉ်ဆက်မပြတ် M&E စနစ်တွေ ထားရှိ ဆောင်ရွက်သင့်တယ်လို့ သုံးသပ်မိပါတယ်။

UN ရဲ့ဆင်းရဲမှုမျဉ်း(Poverty Line)သတ်မှတ်ချက်နဲ့အညီ တရုတ်နိုင်ငံဟာ absolute poverty (လူတစ်ဦးတစ်နေ့ဝင်ငွေ ၁ ဒသမ ၉ ဒေါ်လာအောက်) လူထုအား ၂၀၂၀ ပြည့်နှစ်တွင် သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပြီး ဒုတိယအဆင့်အနေနဲ့ လက်ရှိတွင် extreme poverty (လူတစ်ဦးတစ်နေ့ဝင်ငွေ ၃ ဒသမ ၂ ဒေါ်လာအောက်) လူထုအား လျှော့ချနိုင်ရေး ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိသလို ဒီရည်မှန်းချက်အောင်မြင်ပြီးပါကလည်း relative poverty (လူတစ်ဦး တစ်နေ့ဝင်ငွေ ၅ ဒသမ ၅ ဒေါ်လာအောက်) လူထုအားဆက်လက်လျှော့ချနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိတာကို အားကျဖွယ်တွေ့မြင်ရပါတယ်။

တစ်ဦးချင်းဝင်ငွေတိုးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မြင့်မားလာစေဖို့ စိုက်ပျိုးမွေးမြူရေးနည်းပညာသင်တန်းတွေ၊ ရွှေ့ပြောင်းလုပ်သားတွေ အလုပ်အကိုင်ရရှိရေးအတွက် ကျွမ်းကျင်မှုသင်တန်းတွေ၊ စိုက်ပျိုးရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ၊ အမျိုးသမီးတွေအတွက် ကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်လှစ်ပေးသလို ဝေးလံခေါင်ဖျားကျေးလက်ဒေသတွေကို သိပ္ပံနှင့် နည်းပညာနှင့် အင်တာနက်ချိတ်ဆက်ဝန်ဆောင်မှုများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေ ဈေးကွက်ရရှိရေးနဲ့ လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် E-Commerce စနစ်ထူထောင်ဆောင်ရွက်ပေးခြင်း၊ ဓာတုကင်းစင်သော အစိမ်းရောင်အစားအစာထုတ်လုပ်မှုတွေ တိုးတက်မြင့်မားလာအောင် စီစဉ်ဆောင်ရွက်ပေးခြင်းနဲ့ နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိတာ တွေ့ခဲ့ရပါတယ်။

ပေဟိုင်မှအပြန်....

၂၉-၆-၂၀၂၃ ရက်နေ့မှာလည်း လေ့လာရေးအစီအစဉ်တွေရှိပြီး ညနေပိုင်းမှ နန်နင်းကို ကားနဲ့ပြန်၊ နန်နင်းကနေ ကွမ်ကျိုးကို လေယာဉ်စီးရမှာဖြစ်ပေမယ့် လေယာဉ်က Cancel ဖြစ်လို့ လေ့လာရေးတွေ မသွားဖြစ်တော့ဘဲ ပေဟိုင်-ကွမ်ကျိုးကို ရထားနဲ့ တိုက်ရိုက်ပြန်ဖြစ်ခဲ့ပါတယ်။ တိုက်ရိုက်ရထားမဟုတ်လို့ ကြားထဲမှာ ၁၀ ဘူတာကျော်ဖြတ်ခဲ့ရပါတယ်။ ရထားလမ်းတွေ ကောင်းပါတယ်၊ ငြိမ်ပါတယ်။ စာရေးလို့ရပါတယ်။ ပတ်ဝန်းကျင်ရှုခင်းစိုက်ခင်းတွေ လေ့လာလို့ရပါတယ်။ မြေလွတ်မရှိအောင် မြင်မြင်သမျှ စိုက်ပျိုးထားတာတွေ့ရပါတယ်။ မြေအသုံးချမှုမှာ ၁၀၀ ရာခိုင်နှုန်းနီးပါးဖြစ်တာတွေ့ရတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြေလွတ်တွေများတယ်၊ အကြောင်းကြောင်းကြောင့် မစိုက်နိုင်တာရှိတယ်။ မိုးရာသီပဲ စိုက်ပျိုးကြတာများတယ်။

ဒီမှာတော့ အုပ်စုလိုက် ကြီးမြန်သစ်ပင်တွေ စိုက်ထားတာတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ဆီမှာ အမြန်လမ်းမကြီးတွေဘေး၊ ပြည်နယ်/တိုင်းဒေသကြီးဘက်သွားတဲ့လမ်းမကြီးတွေ(အဝေးပြေးလမ်းမကြီးများ) ဘေးမှာဆို သူ့အလိုအလျောက် သဘာဝပေါက်တဲ့အပင်ရိုင်းတွေက ခပ်များများ...။ မြင်မြင်သမျှကို ကိုယ့်နိုင်ငံနဲ့ယှဉ်ပြီး တွေးဆကြည့်မိနေတော့တာပါပဲ။

ရထားလမ်းဘေးတစ်လျှောက်က ရွာတွေရဲ့ ဖွံ့ဖြိုးတိုးတက်နေမှုကိုလည်း မြင်တွေ့ခဲ့ပါတယ်။ ရထားက ကျည်ဆန်ရထားလောက် မမြန်ပေမယ့် တစ်နာရီကို ကီလိုမီတာ ၂၅၀ ဝန်းကျင်လောက် ရိုပါတယ်။ မိုင် ၁၂၀ မှ ၁၅၀ ဝန်းကျင်မောင်းတဲ့သဘောပဲ။ ရထားတွဲတွေ ကောင်းတယ်၊ လမ်းကောင်းတယ်။ ဘူတာရုံတွေ ကောင်းတယ်၊ သန့်ရှင်းသပ်ရပ်တယ်။ အမှိုက်မတွေ့ရဘူး။ ကျွန်တော်တို့ဆီက ရထားလမ်းဘေးတွေမှာ အမှိုက်တွေရှိနေသေးတယ်။ ကားရပ်နားစခန်းတွေမှာ အမှိုက်တွေရှိနေသေးတယ်။

သူတို့ဆီမှာတော့ ရထားလမ်းဘေးက မြို့တွေ၊ ရွာတွေ ဖြတ်သွားရာမှာ တချို့နေရာတွေက သစ်ပင်အုပ်နဲ့ ကာထားတယ်၊ တချို့နေရာတွေ ခြံစည်းရိုးအပိတ် ကာထားတာတွေ့တယ်။ အတုယူစရာတွေ အများကြီးရှိပါတယ်။ ရထားစီးရင်းနဲ့ တွေးမိ၊ ငေးမိတာတွေအားလုံးကို ဆောင်းပါးရေးဖြစ်ခဲ့ပါတယ်။ ရထားက လျှပ်စစ်ရထားပါ။ ကျွန်တော်တို့မှာ အိမ်သုံး၊ စက်ရုံသုံးတောင် လျှပ်စစ်က မလုံလောက်သေး။ လျှပ်စစ်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးက အလွန်ပဲအရေးကြီးပါတယ်။ လျှပ်စစ်မရှိရင်၊ လမ်းတွေမကောင်းရင် ဖွံ့ဖြိုးရေးဆက်စပ်လုပ်ငန်းတွေ၊ စီးပွားရေးတွေ၊ ပို့ဆောင်ရေးတွေ မလုပ်နိုင်ပါဘူး။ လျှပ်စစ်စွမ်းအင်ရရှိမှုက ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်လို့ ကျွန်တော်တို့ အများကြီးကြိုးစားကြရပါဦးမယ်။ နည်းလမ်းတွေ ရှာဖွေကြရပါဦးမယ်။

သုံးသပ်အကြံပြုချက်

တရုတ်နိုင်ငံဟာ ကျေးလက်ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေကို ၁၉၈၀ ပြည့်နှစ်မှစတင်ပြီး အမျိုးသားအဆင့်ဖွံ့ဖြိုးရေးမဟာဗျူဟာမှာ ပထမဦးစားပေးလုပ်ငန်းကဏ္ဍအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့တဲ့အပြင် နောက်ပိုင်းနှစ်တွေမှာလည်း နှစ်ကာလအပိုင်းအခြားအလိုက် ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာနဲ့အစီအစဉ်တွေ စဉ်ဆက်မပြတ် ချမှတ်ဆောင်ရွက်နိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့ Leading Group of Poverty Reduction and Development (LGOP)ကို ဖွဲ့စည်းခဲ့တာကြောင့် မူဝါဒပိုင်းမှာ များစွာအထောက်အကူဖြစ်စေခဲ့သလို ဌာန၊ အဖွဲ့အစည်းတွေအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းအကောင်အထည်ဖော်မှုပိုင်းမှာ များစွာအကျိုးသက်ရောက်စေခဲ့တာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း တရုတ်နိုင်ငံလိုနိုင်ငံရဲ့ကျေးလက်ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အမျိုးသားအဆင့်ကော်မတီဖွဲ့စည်းဆောင်ရွက်နိုင်ရင် ယခုထက်ပိုပြီး ထိရောက်အောင် ဆောင်ရွက်နိုင်မယ်လို့ သုံးသပ်မိပါတယ်။

ဗဟိုအဆင့်မှချမှတ်တဲ့ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာမူဝါဒတွေနဲ့အညီ နယ်မြေဒေသအလိုက်၊ လုပ်ငန်းနယ်ပယ်အလိုက် ပြည့်စုံကောင်းမွန်တဲ့မဟာဗျူဟာတွေ၊ အစီအစဉ်တွေ၊ စီမံကိန်းတွေ ရေးဆွဲချမှတ်ဆောင်ရွက်နိုင်ခဲ့တဲ့ သက်ဆိုင်ရာဌာနတွေ၊ ပြည်နယ်၊ စီရင်စု၊ ကောင်တီအစိုးရတွေရဲ့ ဖွံ့ဖြိုးရေးအသိအမြင်နဲ့ စွမ်းဆောင်ရည်မြင့်မားမှုဟာလည်း မူဝါဒတွေ ထိရောက်အောင်မြင်စေဖို့ များစွာအထောက်အကူပြုတာ လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဆင်းရဲမှုလျှော့ချရေးဆိုင်ရာမဟာဗျူဟာတွေ၊ အစီအစဉ်တွေနဲ့ စီမံကိန်းတွေအပေါ် လေ့လာသုံးသပ်ပြီး မိမိနိုင်ငံနဲ့သင့်လျော်ကိုက်ညီတဲ့စီမံဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှုစနစ်တွေကို ဖော်ထုတ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

❋ ကျောဖုံးမှ

တင်းအနေနဲ့ မျိုးစေ့ဖူလုံမှုရှိပါတယ်။ နွေစပါး၊ မျိုးစေ့ထုတ်ဇေကတွေအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ တစ်ဇေကကို သုညဒသမ ၂၅ အိတ်နှုန်းဖြင့် ရောင်းချပေးခဲ့ပါတယ်။ ဌာနအနေနဲ့လည်း ပြည်ထောင်စု ရန်ပုံငွေ အစီအစဉ်တွေနဲ့ ပံ့ပိုးပေးခဲ့တာရှိပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးအတွင်း နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံမျိုးစေ့ထုတ်လုပ် ဆောင်ရွက်ခြင်းအားဖြင့် မျိုးကောင်းမျိုးသန့် ဇရိယာကျယ်ပြန့်လာခြင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် တစ်ဇေကအထွက်နှုန်းတိုးတက်လာခြင်း၊ ယင်းသို့တိုးတက်လာသည်နှင့်အမျှ တောင်သူများ၏ ဝင်ငွေလည်းတိုးလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

ဟသ်ာတမြို့နယ်၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

ဟသ်ာတ သြဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ အေးမြသာယာရပ်ကွက် ဘုရင့်နောင်လမ်းရှိ နွေသံဃာ့ဒါနဆွမ်းလောင်းခမ္မာရုံ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွဲလွဲဝင်းက စက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များ၊ အမျိုးသမီးများ အတတ်ပညာတစ်ခု တတ်မြောက်စေရန်နှင့် မိသားစုဝင်ငွေ တိုးတက်စေရန်၊ ယခုသင်တန်းတက်ရောက်သော သင်တန်းသူများအနက် စိတ်ပါဝင်စားသူ၊ စက်ချုပ်လုပ်ငန်းအား အမှန်တကယ် လုပ်ကိုင်မည့်သူ ငါးဦးအား စိစစ်ရွေးချယ်၍ ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးမှူးဦးဇော်မင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၁၅ ဦးဖြင့် အခြေခံသင်တန်းကို တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဆက်လက်၍ အဆင့်မြင့် မွမ်းမံသင်တန်းကို ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၈-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွှင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၃၀၅	၂၃၅၀	၂၃၄၅	၂၃၁၀	၂၃၅၀	၂၃၇၅	၂၃၆၀	၂၃၃၅	၂၄၃၅	၂၄၅၀	၂၃၄၅	၂၃၅၀	၂၃၉၀	၂၃၉၀	၂၃၉၀	၂၆၂၀	၃၂၂၀
95 Ron	၂၄၁၅	၂၄၆၅	၂၄၆၀	၂၄၂၅	၂၄၆၀	၂၄၈၅	၂၄၇၀	၂၄၅၀	၂၅၄၅	၂၅၆၀	၂၄၅၅	၂၄၇၀	၂၅၀၀	၂၅၀၀	၂၅၀၅	၂၇၃၀	၃၃၂၀
HSD (500 ppm)	၂၄၄၀	၂၄၉၀	၂၄၈၅	၂၄၅၀	၂၄၈၅	၂၅၁၀	၂၅၀၅	၂၄၇၀	၂၅၉၀	၂၅၈၅	၂၄၈၀	၂၄၉၀	၂၅၂၅	၂၅၂၅	၂၅၃၀	၂၇၅၅	၃၃၂၀
HSD (50 ppm)	၂၅၁၅	၂၅၆၅	၂၅၆၀	၂၅၂၅	၂၅၆၅	၂၅၈၅	၂၅၈၀	၂၅၅၀	၂၆၇၀	၂၆၆၅	၂၅၅၅	၂၅၆၅	၂၆၀၀	၂၆၀၀	၂၆၀၅	၂၈၃၅	၃၃၈၀
HSD (10 ppm)	၂၅၁၅	၂၅၆၅	၂၅၆၀	၂၅၂၅	၂၅၆၅	၂၅၈၅	၂၅၈၀	၂၅၅၀	၂၆၇၀	၂၆၆၅	၂၅၅၅	၂၅၆၅	၂၆၀၀	၂၆၀၀	၂၆၀၅	၂၈၃၅	၃၃၈၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၉၁	၂၂၆၈
95 Ron	၂၂၉၉	၂၃၇၉
HSD (500 ppm)	၂၃၂၃	၂၃၉၉
HSD (50 ppm)	၂၃၉၇	၂၄၇၄
HSD (10 ppm)	၂၃၉၇	၂၄၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘာပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၁ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း သြဂုတ် ၁၄

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

သြဂုတ် ၉ ရက်မှ ၁၃ ရက်အထိ စုစုပေါင်း ကုန်သွယ်မှုအနေဖြင့် ပို့ကုန် တန်ချိန် ၂၂၁၈ တန်နှင့် သွင်းကုန်တန်ချိန် ၁၈၉ တန်ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်းတန်ချိန် ၄၈၅ တန်၊ ပလာတူး တန်ချိန် ၃၅ ဒသမ ၆၅ တန်၊ ငါးချဉ်ပေါင် တန်ချိန် ၆၀ ဒသမ ၉၆၀ တန်၊ ပလာလန်း တန်ချိန် ၄၁ ဒသမ ၂၉၅ တန်၊ စစ်ကလပ် တန်ချိန် ၂၄ ဒသမ ၅၁ တန်၊ ငါးပုလွေတန်ချိန် ၈၉ ဒသမ ၂၃ တန်၊ ကုလားဥတန်ချိန် ၅ ဒသမ ၂၈ တန်၊ ငါးခွေးလျှာတန်ချိန် ၁၄ ဒသမ ၆၀ တန်၊ ပုစွန်တန်ချိန် ၁၀ ဒသမ ၇၆ တန်နှင့် ငါးစက္ကူတန်ချိန် ၄ ဒသမ ၈၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဒီဇယ်ဆီတန်ချိန် ၁၅၀၀၊ ဓာတ်ဆီတန်ချိန် ၂၆၄ တန်၊ ဆပ်ပြာအမျိုးမျိုး တန်ချိန် ၃၃ တန်၊ ပီလာပီနံမှုန့်တန်ချိန် ၉၀၊ ဘက်ထရီအရေအတွက် ၁၁၀၄ ခု၊ ကားတာယာအရေအတွက် ၅၃၄၄ ခုတို့ဖြစ်သည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၂၁၅၀ ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် သြဂုတ် ၁၄ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၀၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၁၀၀ ခန့်ဖြစ်သည်။

ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘို သြဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုအနေဖြင့် သြဂုတ်လ(ပထမပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၄၉၀၀၀ (တန်အားဖြင့် ၂၄၅၀ တန်)စီးထွက်ခဲ့ပြီး ယခုအပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၂၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၆၉၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၄၅၀၀ (တန်အားဖြင့် ၂၇၂၅ တန်)စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၅၀၀ (တန်အားဖြင့် ၂၇၅ တန်)ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ သြဂုတ်လ(ဒုတိယပတ်)တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘို ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၃၂၅၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၀၊ ဇရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၇၀၀၀၀၀၊ ဇရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း(နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ

မူဆယ် သြဂုတ် ၁၄

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် သြဂုတ် ၁၃ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၉ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၅၄၁ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၅၉၀ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီ ၄၂၃ ဒသမ ၀ တန်၊ ဆန်ကွဲ ၁၀၂ ဒသမ ၅ တန်၊ နနွင်းတက် ၉၃ ဒသမ ၃ တန်၊ ရော်ဘာ တန် ၇၀၊ ပုစွန်ဖွဲ ၆၆ တန်၊ ငါးရှဉ့် ၆၂ ဒသမ ၀၈ တန်၊ ကြေးနီ ၃၄ တန်၊ ပဲလွမ်း ၃၃ ဒသမ ၅ တန်၊ ငါးမှုန့် ၃၃ တန်နှင့် လျှော်ဖြူ ၁၇ ဒသမ ၅၀၇ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ ဒီဇယ်မီးစက်၊ ဘယ်ယာရိန်များ၊ အရက်၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်လိပ်၊ စီထရစ်အက်ဆစ်၊ ပန်းသီး၊ စက်ဘီးနှင့် စက္ကူဘူးတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် သြဂုတ် ၁ ရက်မှ ၁၃ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၃ ဒသမ ၅၂၃ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၀ ဒသမ ၃၆၉ သန်းနှင့် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၂၃ ဒသမ ၈၉၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်းတရုတ်တစ်ယွမ်လျှင် ၂၉၃ ဒသမ ၀၈၅၅ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သာယာဝတီခရိုင်အတွင်း မတ်ပဲဈေးနှုန်းနှင့် စီးထွက်မှုအခြေအနေ

သာယာဝတီ သြဂုတ် ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်တွင် မတ်ပဲဈေးနှုန်းများမှာ သြဂုတ်လဒုတိယပတ်တွင် ပိဿာ ၂၀ ပါ တစ်တင်းလျှင် ကျပ် ၇၆၅၀၀ ဖြစ်ကြောင်း သိရသည်။ စီးထွက်မှုအနေဖြင့် ဇူလိုင်လ နောက်ဆုံးပတ်တွင် ရန်ကုန်သို့ မတ်ပဲအိတ် ၉၁၉၇၀ ခန့်အထိ တင်ပို့နိုင်ခဲ့ပြီး သြဂုတ်လ ပထမပတ်တွင် အိတ်ရေ ၅၉၄၀၀ ခန့်အထိ တင်ပို့ခဲ့ကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်နှင့် သြဂုတ်လပထမပတ် နှိုင်းယှဉ်ပါက သြဂုတ်လပထမပတ်၌ တင်ပို့မှုအနည်းငယ်လျော့နည်းသွားရခြင်းမှာ မိုးရွာသွန်းမှုများပြားပြီး လမ်းခရီးအခက်အခဲများကြောင့် တင်ပို့မှုလျော့နည်းသွားရခြင်းဖြစ်ကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

၁၄.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)		ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)													အသား၊ ငါး(တစ်ပိဿာ)				
		ဧည့်မထ	ငစိန်	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ(ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃
၁	မြစ်ကြီးနား	၄၀၀၀		၁၃၀၀၀	၉၅၀၀	၂၂၀၀၀	၂၅၀၀	၉၀၀၀	၈၀၀၀	၅၀၀၀	၆၅၀၀	၁၀၀၀	၈၅၀၀	၇၀၀၀	၄၀၀၀	၃၅၀၀	၃၅၀၀	၁၂၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၅၀၀၀
၂	လားရှိုး	၃၉၀၀	၃၅၀၀	၁၄၀၀၀	၈၅၀၀	၂၂၀၀၀	၃၅၀၀	၇၀၀၀	၈၀၀၀	၃၀၀၀	၅၅၀၀	၁၀၀၀	၈၀၀၀	၆၀၀၀	၅၀၀၀	၃၅၀၀	၃၅၀၀	၁၂၀၀၀	၂၀၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၂၀၀၀
၃	ကျိုင်းတုံ	၃၆၀၀		၁၆၀၀၀	၈၂၀၀	၁၉၀၀၀	၃၀၀၀	၉၀၀၀	၉၀၀၀	၄၀၀၀	၄၀၀၀	၁၀၀၀	၈၅၀၀	၆၈၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	၁၄၀၀၀	၂၂၀၀၀	၂၄၀၀၀		၁၂၀၀၀
၄	တောင်ကြီး	၃၂၀၀	၂၇၅၀	၉၀၀၀	၉၀၀၀	၂၂၀၀၀	၃၀၀၀	၇၅၀၀	၈၅၀၀	၄၅၀၀	၅၃၀၀	၆၀၀	၈၅၀၀	၆၅၀၀	၄၅၀၀	၃၅၀၀	၃၆၀၀	၁၃၀၀၀	၂၀၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၀၀၀၀
၅	လွိုင်ကော်	၃၈၀၀	၂၉၀၀	၁၇၀၀၀	၈၈၀၀	၃၈၀၀၀	၃၃၀၀	၁၀၀၀၀	၇၂၀၀	၅၅၀၀	၈၀၀	၈၀၀၀	၆၈၀၀	၃၇၀၀	၃၅၀၀	၃၅၀၀	၄၀၀	၁၄၀၀၀	၁၉၀၀၀	၁၈၀၀၀	၂၇၀၀၀	၁၀၀၀၀
၆	ဘားအံ	၂၇၀၀		၁၁၀၀၀	၈၀၀၀	၁၆၀၀၀	၂၇၀၀	၉၀၀၀	၈၀၀၀	၅၅၀၀	၆၀၀၀	၈၀၀	၁၀၀၀၀	၆၅၀၀	၃၀၀၀	၃၂၀၀	၃၅၀၀	၁၀၅၀၀	၁၅၀၀၀	၂၀၀၀၀	၂၃၀၀၀	၈၀၀၀
၇	မော်လမြိုင်	၂၉၀၀		၁၅၆၀၀	၈၀၀၀	၁၇၀၀၀	၂၈၀၀	၁၂၀၀၀	၉၀၀၀	၇၀၀၀	၇၀၀၀	၈၀၀	၁၀၀၀၀	၇၀၀၀	၅၀၀၀	၄၀၀၀	၃၆၀၀	၁၂၀၀၀	၁၈၀၀၀	၁၈၀၀၀	၃၀၀၀၀	၁၀၀၀၀
၈	ထားဝယ်	၃၅၅၀		၁၇၅၀၀	၇၇၀၀	၁၈၀၀၀	၂၇၀၀	၉၅၀၀	၈၃၀၀	၄၈၀၀	၅၀၀၀	၈၀၀	၇၉၀၀	၅၅၀၀	၄၀၀၀	၃၅၀၀	၃၇၀၀	၁၃၅၀၀	၁၉၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၁၀၀		၁၆၀၀၀	၈၁၀၀	၁၈၀၀၀	၂၈၀၀	၁၀၀၀၀	၉၅၅၀	၄၄၀၀	၅၅၀၀	၈၀၀	၁၁၀၀၀	၇၀၀၀	၄၆၀၀	၄၀၀၀	၃၈၀၀	၁၂၀၀၀	၁၈၀၀၀	၁၉၀၀၀	၂၄၀၀၀	
၁၀	ရန်ကုန်	၃၀၀၀	၂၇၀၀	၁၅၀၀၀	၅၅၀၀	၁၇၀၀၀	၂၈၀၀	၁၁၀၀၀	၉၀၀၀	၉၀၀၀	၅၀၀၀	၆၀၀	၇၅၀၀	၇၅၀၀	၄၀၀၀	၃၈၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၉၀၀၀	၃၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၂၉၀၀		၁၄၀၀၀	၈၇၀၀	၁၇၀၀၀	၂၅၀၀	၈၀၀၀	၇၅၀၀	၅၀၀၀	၆၀၀၀	၃၀၀	၆၅၀၀	၅၈၀၀	၄၅၀၀	၃၂၀၀	၃၇၀၀	၁၂၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၈၀၀၀
၁၂	စစ်တွေ	၃၂၅၀	၃၀၅၀	၁၆၀၀၀	၉၅၀၀	၁၈၀၀၀	၂၉၀၀	၁၂၀၀၀	၁၀၀၀၀	၅၅၀၀	၇၅၀၀	၆၀၀	၈၂၀၀	၇၀၀၀	၃၀၀၀	၄၀၀၀	၄၀၀၀	၁၆၀၀၀	၂၄၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၄၇၅၀		၁၈၅၀၀		၃၀၀၀၀	၃၀၀၀	၈၀၀၀			၄၀၀၀	၁၀၀၀		၇၀၀၀		၄၀၀၀	၅၀၀၀	၁၈၀၀၀	၁၅၀၀၀	၁၅၀၀၀		၁၂၀၀၀
၁၄	မုံရွာ	၅၄၀၀		၁၃၅၀၀	၉၈၀၀	၁၉၀၀၀	၂၃၀၀	၇၅၀၀	၈၅၅၀	၆၀၀၀	၅၀၀၀	၈၀၀	၇၈၀၀	၇၀၀၀	၄၀၀၀	၂၆၀၀	၄၀၀၀	၁၂၀၀၀	၂၀၀၀၀	၁၇၀၀၀	၂၆၀၀၀	၈၀၀၀
၁၅	မန္တလေး	၄၀၀၀	၂၇၅၀	၁၅၀၀၀	၉၈၀၀	၂၂၀၀၀	၂၂၀၀	၇၂၀၀	၈၀၀၀	၅၀၀၀	၇၅၀၀	၈၀၀	၉၉၀၀	၆၈၀၀	၆၀၀၀	၂၈၀၀	၃၆၀၀	၁၄၀၀၀	၁၈၀၀၀	၁၆၀၀၀	၂၄၀၀၀	၁၀၀၀၀
၁၆	ပခုက္ကူ	၄၀၀၀		၁၃၀၀၀	၈၅၀၀	၁၈၀၀၀	၂၅၀၀	၁၂၀၀၀	၈၀၀၀	၆၅၀၀	၆၀၀၀	၆၀၀	၇၇၀၀	၇၇၀၀	၃၀၀၀	၃၀၀၀	၃၅၀၀	၁၂၀၀၀	၂၃၀၀	၁၇၀၀	၂၃၀၀	၇၅၀၀
၁၇	မကွေး	၃၈၀၀		၁၄၅၀၀	၉၀၀၀	၁၈၀၀၀	၂၈၀၀	၇၅၀၀	၇၀၀၀	၆၀၀၀	၇၀၀၀	၁၀၀၀	၇၅၀၀	၈၀၀၀	၅၅၀၀	၃၂၀၀	၃၀၀၀	၁၄၀၀၀	၁၉၀၀၀	၁၈၀၀၀	၂၂၀၀၀	၇၅၀၀
၁၈	ပြည်	၂၇၅၀		၁၄၀၀၀	၉၇၀၀	၂၅၀၀၀	၂၇၀၀	၉၈၀၀	၉၅၀၀	၄၅၀၀	၆၅၀၀	၆၀၀	၇၀၀၀	၆၅၀၀	၄၀၀၀	၃၅၀၀	၃၅၀၀	၁၂၀၀၀	၂၀၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၃၀၀၀
၁၉	ပဲခူး	၂၈၀၀		၁၄၅၀၀	၉၅၀၀	၁၆၀၀၀	၂၈၀၀	၈၀၀၀	၇၅၀၀		၇၅၀၀	၄၅၀	၈၄၀၀	၆၂၀၀	၃၁၀၀	၃၁၀၀	၃၆၅၀	၁၁၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၅၀၀၀	၆၅၀၀
၂၀	ပျဉ်းမနား	၃၄၀၀		၁၅၀၀၀	၈၀၀၀	၁၉၀၀၀	၂၅၀၀	၇၈၀၀	၈၂၀၀	၄၂၀၀	၅၀၀	၇၂၀၀	၆၂၀၀	၄၀၀၀	၃၀၀၀	၃၀၀၀	၃၈၀၀	၁၂၀၀၀	၁၈၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၂၀၀၀
၂၁	နေပြည်တော်	၃၄၀၀		၁၅၅၀၀	၈၀၀၀	၂၀၀၀၀	၂၆၀၀	၈၀၀၀	၈၂၀၀	၄၅၀၀	၅၀၀	၇၅၀၀	၆၂၀၀	၄၂၀၀	၃၂၀၀	၃၈၀၀	၃၂၀၀	၁၂၀၀၀	၁၈၅၀၀	၁၅၀၀၀	၂၄၀၀၀	၁၂၀၀၀
၂၂	ကလေး	၄၃၀၀	၄၂၀၀	၁၄၅၀၀	၉၅၀၀	၂၂၀၀၀	၂၅၀၀	၄၅၀၀	၇၀၀၀	၄၀၀၀	၅၀၀	၈၃၀၀	၆၃၀၀	၄၀၀၀	၃၇၀၀	၃၃၀၀	၃၄၀၀	၁၄၀၀၀	၂၀၀၀၀	၁၇၀၀၀	၂၈၀၀၀	၈၀၀၀

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ၃၀၀ကျပ်၊ ပခုက္ကူတွင် ၂၀၀ကျပ်၊ ကလေးတွင် ၁၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် ကလေးတွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မန္တလေးတွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး၊ မုံရွာနှင့်မကွေးတွင် ၅၀ကျပ်၊ မန္တလေးတွင် ၈၀ကျပ်၊ ပခုက္ကူနှင့်ပြည်တွင် ၃၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ၂၀ကျပ်၊ မုံရွာနှင့်ပခုက္ကူတွင် ၁၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနား၊ လားရှိုးနှင့်မုံရွာတွင် ၅၀ကျပ်၊ ကျိုင်းတုံတွင် ၂၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀ကျပ်၊ တောင်ကြီးနှင့်မြိတ်တွင် ၅၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြစ်ကြီးနား၊ တောင်ကြီးနှင့်ပခုက္ကူတွင် ၅၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြစ်ကြီးနားနှင့်ပခုက္ကူတွင် ၅၀ကျပ်၊ တောင်ကြီးတွင် ၃၀ကျပ်၊ မန္တလေးတွင် ၁၅၀ကျပ်၊ မြေပဲ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၂၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ၅၀ကျပ်၊ မြိတ်တွင် ၃၀ကျပ်၊ အလူး တစ်ပိဿာလျှင် မြိတ်တွင် ၄၀ကျပ်၊ သကြား တစ်ပိဿာလျှင် လားရှိုးတွင် ၃၀ကျပ်၊ မုံရွာတွင် ၄၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့်နေပြည်တော်တွင် ၂၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ထားဝယ်တွင် ၅၀ကျပ်၊ (ကြူကုတ်စ) နှင့် ကုလားပဲ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပဲခူးတွင် ၅၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ ဈေးကျခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒကွိုဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၁၄-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

နဝကမ္ဘ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၈၄၂။	ဦးဘတင်နှင့်ဇနီး ဒေါ်မြရှင်အားရည်စူး၍ ဒေါ်သန်းငွေမိသားစုကောင်းမှု	၂၀၀၀၀၀၀
၄၈၄၃။	ကွယ်လွန်သူ အဘိုး၊ အဘွားနှင့် မိဘများအားရည်စူး၍ ဒေါ်ခင်ခင်ပြုံး၊ ဒေါ်သီတာ၊ ဒေါ်ခင်မာကြည်၊ ညီအစ်မတစ်စုကောင်းမှု	၂၀၀၀၀၀၀
၄၈၄၄။	သဲဖြူနှင့်မဟာမြိုင်တောရသာသနာပြုဆရာတော် ကောင်းမှု	၁၀၀၀၀၀၀
၄၈၄၅။	ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာရေး ဝန်ထမ်းများနှင့် ကျောင်းသား/သူများကောင်းမှု	၈၉၀၀၀၀၀
၄၈၄၆။	ဦးသိန်းအောင်နှင့်ဇနီး ဒေါ်ခင်အေးဝင်း၊ (သမီး)မအေးဇာခြည်အောင်၊ (သား)မောင်အောင်စိုးငြိမ်း၊ ဒေါက်တာဝင့်မြတ်ကျော်၊ (မြေး)မခိုင်နေရည်၊ မဝေဦး(သိဏ်းဆောက်လုပ်ရေး)မိသားစုကောင်းမှု	၈၄၂၅၀၀၀
၄၈၄၇။	ဒေါ်ခင်သိန်းရီ၊ ဒေါ်စန္ဒာလင်းမွေးနေ့အလှူ မိသားစုကောင်းမှု	၆၆၀၀၀၀၀
၄၈၄၈။	ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး မိသားစုနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုများကောင်းမှု	၅၉၀၀၀၀၀
၄၈၄၉။	ကရင်ပြည်နယ်အစိုးရအဖွဲ့ကောင်းမှု	၅၀၀၀၀၀၀
၄၈၅၀။	ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှဝင်း သား၊ သမီး၊ မြေး တစ်စုကောင်းမှု	၅၀၀၀၀၀၀
၄၈၅၁။	အင်းဝဘဏ် Customer (၂၂)ဦး မိသားစုကောင်းမှု	၄၄၀၀၀၀၀
၄၈၅၂။	ရင်တွင်းသဒ္ဓါဝိတိဖြာတိုင်းရင်းသားညီအစ်ကို မောင်နှမများကောင်းမှု	၄၀၀၀၀၀၀
၄၈၅၃။	အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၉)မိသားစုကောင်းမှု	၃၄၆၀၀၀၀
၄၅၅၄။	ဦးတင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး (သား)ဦးကျော်ဇေယျ၊ ဦးသန့်စင်နိုင်၊ ဦးအေးဇော်နိုင် သား၊ သမီး၊ မြေး မိသားစုကောင်းမှု	၃၀၀၀၀၀၀
၄၅၅၅။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းမိသားစုများကောင်းမှု	၃၀၀၀၀၀၀

နဝကမ္ဘ

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၈၅၆။	ဦးဝင်းရွှန်(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန) နှင့်ဇနီး ဒေါ်သန်းသန်းဝင်းမိသားစုကောင်းမှု	၃၀၀၀၀၀၀
၄၈၅၇။	ဦးခင်အောင်နှင့်ဇနီး (ဒေါ်အုန်းမြိုင်)မိသားစုကောင်းမှု	၃၀၀၀၀၀၀
၄၈၅၈။	ချင်းပြည်နယ်အစိုးရအဖွဲ့ကောင်းမှု	၃၀၀၀၀၀၀
၄၈၅၉။	ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများကောင်းမှု	၂၈၆၅၄၈၃
၄၈၆၀။	ကွယ်လွန်သူဇနီး ရဟန်းဒါယိကာမကြီး၏အလှူ လျှုရန်ပေးခဲ့သော ဝတ္ထုငွေနှင့် ကျန်ရစ်ကြသော ခင်ပွန်းဖြစ်သူရဟန်းဒါယကာကြီး ဦးအောင်သန်းနှင့် သား၊ သမီးများကောင်းမှု	၂၄၀၀၀၀၀
၄၈၆၁။	နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အရာရှိ/အရာခံ/အကြပ်/စစ်သည်နှင့် စေတနာရှင်၊ အလှူရှင်များကောင်းမှု	၂၀၁၅၀၀၀
၄၈၆၂။	ဦးသန်းဦးနှင့်ဇနီး ဒေါ်နှင်းကြည်မိသားစုကောင်းမှု	၂၀၀၀၀၀၀
၄၈၆၃။	မြန်မာ့စီးပွားရေးဘဏ်၊ ရှမ်းပြည်နယ်မှ အရာထမ်း အမှုထမ်းများကောင်းမှု	၁၇၀၀၀၀၀
၄၈၆၄။	နှစ်ဖက်သောမိဘများအားရည်စူး၍ ဗိုလ်မှူးကြီးဌေးမြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်လွင် သား၊ သမီး၊ မြေးတစ်စုကောင်းမှု	၁၆၂၀၀၀
၄၈၆၅။	ကျဆုံးကွယ်လွန်လေပြီးသော အရာရှိ၊ အကြပ်စစ်သည်တော်များအားရည်စူးလျက် ရင်တွင်းသဒ္ဓါဝိတိဖြာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများမိသားစုကောင်းမှု	၁၅၀၀၀၀၀
၄၈၆၆။	ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှဝင်း မိသားစုကောင်းမှု	၁၅၀၀၀၀၀
၄၈၆၇။	ဒေါ်မြအေး၊ (သမီး)ဒေါ်နန်းလှသိန်းမိသားစုကောင်းမှု	၁၅၀၀၀၀၀
၄၈၆၈။	(၁၂-၃-၂၀၂၃)ရက်နေ့တွင် ကျရောက်သော မွေးနေ့အလှူ ဦးဇော်ဇော်ဘိုနှင့်ဇနီး ဒေါ်မေသန်းဦး၊ အထွေထွေမန်နေဂျာ(စီမံ)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမိသားစုကောင်းမှု	၁၅၀၀၀၀၀
၄၈၆၉။	ဗိုလ်မှူးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်ဝင်းမေအောင်၊ (သား)မောင်ဝင်ဌာဝင်းထွန်းဖြိုးမိသားစုကောင်းမှု	၁၄၀၀၀၀၀
၄၈၇၀။	ကျန်းမာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ ကောင်းမှု	၁၂၇၆၀၀၀

ဝိဋ္ဌကသုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
၄၈၇၀။	ဦးမျိုးလွင်ဦး(PTG Energy Co.,Ltd) မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁၈ စုံ)	၂၁၆၀၀၀၀
၄၈၇၂။	နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန့်ထက်အောင်နှင့်ဇနီး ဒေါ်နန်းစုစန္ဒီမြင့်ဆွေ (သမီး)မအေးသဒ္ဓါခင်၊ (သား)မောင်လင်းထက်မြတ် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၄ စုံ)	၄၈၀၀၀၀၀
၄၈၇၃။	ကွယ်လွန်သူဖခင်ကြီးဦးကျင်ဟုတ်၊ခင်ပွန်းဦးကြည်ဦး (ခ)ဦးမောင်မောင်တို့အားရည်စူးပြီး မိခင်ကြီးဒေါ်ဖွားစိန်အား အမှူးထား၍ အဂ္ဂမဟာသီရိသုဝဏ္ဏသိရီဒေါ်သန်းသန်းဦး (မုဒုံမောင်မောင်)ကုမ္ပဏီမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၂ စုံ)	၂၄၀၀၀၀၀
၄၈၇၄။	ဗိုလ်ချုပ်ဘလှအေး(ငြိမ်း)နှင့်ဇနီး ဒေါ်အိအိခင် သား၊ သမီး၊ မြေးမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀၀
၄၈၇၅။	ဗိုလ်မှူးချုပ်တင်မောင်အုန်း(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေး မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀၀
၄၈၇၆။	ဒုတိယဗိုလ်မှူးကြီးကျော်စိုးဝင်းနှင့်ဇနီး ဒေါ်ဝင်းသန္တာထွဋ် (သား)မောင်ဝေယံဘုန်းထွဋ်၊ မောင်အုံ့ဘုန်းမော် (ပါရဂူ/ဌာနမှူး/ဦးနှောက်နှင့်အာရုံကြောရောဂါဆေးကုသမှုဌာန၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀၀
၄၈၇၇။	ဘိုးဘွားမိဘများအားရည်စူးအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(ငြိမ်း)နှင့်ဇနီး ဒေါ်သိမ့်သိမ့်ထွန်း၊ (သမီး)မခင်သင်ကျော်(ခ) Anna မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀၀
၄၈၇၈။	ဗိုလ်ချုပ်အောင်လင်းထွန်းနှင့်ဇနီး ဒေါ်တင်ဇာလွင်၊ ဗိုလ်ကြီးအောင်မြင့်ထွန်းနှင့်ဇနီး မသီရိလွင်၊ မနှင်းနီကြာအောင်၊ မောင်နေယံလင်းမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀၀
၄၈၇၉။	ဒေါက်တာနေလင်းနှင့်ဇနီး ဒေါ်သန်းသန်းဝင်း (ရတနာဆေးရုံ)မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြီတင်လှာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၅၇၆၁၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇာဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၃-၂၀-၂၀-၂၀-၂၀-၂၈-၂၀-၀၀ ၂၈-၂-၀-၀-၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၂၂၂၅၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၅၇)၊ မြေကွက်အမှတ် (၇၈၁)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နေ့ဝတင်သန်း အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းနိုင်ထွန်း [၇/မလန(နိုင်)၁၀၈၅၂၀]နှင့် ဦးခင်မောင်ဌေး [၁၂/ဥကမ(နိုင်)၀၂၅၃၄]တို့မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွတ်တော်ရှေ့နေ (စဉ်-၁၅၅၅၈)

အမှတ် (၁၃၂/ဂ)၊ အေးရိပ်သာ (ဂ)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ 09-450065273

တစ်ဦးတည်းဖြစ်ကြောင်း

အဖ ဦးဝဒမ်းခေါင်ဒီးဇီ၏သား ဖားကန့်မြို့၊ ၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ်- ကဖ ၁၂၅၃ ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မောင်ဝရမ်းခေါင်ဖေရမ်နှင့် မောင်ဝဒမ်းခေါင်ဖေရမ် [၁/ကမန(နိုင်)၀၆၂၇၆၉]သည် တစ်ဦးတည်းဖြစ်ပါသည်။

ဥတုရာသီ တောကိုမှီ၏

ပတ်စ်ပို့ပျောက်

ကျွန်မ မသောက်ဆိုင်း [၁/ဝမန(နိုင်)၀၇၉၅၅၈]၏ ပတ်စ်ပို့နံပါတ် (MD-830557) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉-၄၅၂၉၁၂၂၉၉

အိတ်ပိတ်လေလံကြေညာခြင်း
တနင်္သာရီတိုင်းဒေသကြီး
သမဝါယမအသင်းစုချုပ်လီမိတက်
ထားဝယ်မြို့

တနင်္သာရီတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်လီမိတက်ပိုင် အောက်ဖော်ပြပါမြေနှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အဦများကို အိတ်ပိတ်လေလံတင်ထုံခွဲရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

(၁) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကလွင်ရပ်ကွက်၊ ကွင်းအမှတ် ၂၄၂(က) ရေပုံး-ဦးပိုင်အမှတ် ၁၀၁/၇၁၊ ဧရိယာ ၀.၀၅၅ ဧက (ပေ၄၀ ပေ၆၀) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်တိုက် (၄က်သိုက်အိမ်)

(၂) ဘုတ်ပြင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမပေါ်ရှိ အမှတ်(၉၉)၊ ကွင်းအမှတ် (၆၁၆-က)၊ ဦးပိုင်အမှတ် ၉၁ (က)၊ ပေ ၆၀ ပေ ၉၀ မြေကွက် (အဆောက်အဦမပါ)

လေလံပိတ်မည့်ရက်	-	၂၀၂၃ ခုနှစ်၊ သြဂုတ်လ(၂၂)ရက် (အင်္ဂါနေ့)
လေလံဖွင့်မည့်ရက်	-	၂၃-၈-၂၀၂၃ (ဗုဒ္ဓဟူးနေ့)
လေလံတင်ထုံခွဲ ရောင်းချမည့်နေရာ	-	တနင်္သာရီတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ထားဝယ်မြို့။ အစည်းအဝေးခန်းမ။

စုံစမ်းရန်

ဦးသိန်းဝင်း (ဥက္ကဋ္ဌ)	-	၀၉-၄၂၇၀၂၀၀၅၅
ဦးထွန်းမင်း(အုပ်ချုပ်မှုဒါရိုက်တာ)	-	၀၉-၄၂၈၇၆၃၃၃၅
တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်	-	အမှတ်(၉၄)၊ ညောင်ပင်ကြီးလမ်း၊ ဒေါင်းဌေးရပ်ကွက် ထားဝယ်မြို့။ (၀၅၉-၂၀၂၁၁၃၉)

ဒါရိုက်တာအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်
ထားဝယ်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(၂၇၀၅)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဦးမျိုးဝိုးအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ အထူးကိုယ်စားလှယ်လွှဲစာရွှေ့သူ ဦးအောင်ဘိုဘို (ဘ) ဦးရဲစိန် [၁၀/ကမရ(နိုင်)၀၈၀၂၈၈]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၁၆၆၃/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ဇာခြည်မွန် (ဘ) ဦးဖုန်းမြင့်ဦး [၁၂/ရကန(နိုင်)၀၅၈၉၃၁]၊ ဒေါ်ခိုင်ခိုင်စိုး (ဘ) ဦးငွေစိုး [၁၂/ရကန(နိုင်)၀၇၁၃၃၀]တို့နှင့် **မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၃/စက်မူနှန်)၊ မြေကွက်အမှတ်- ၁၄၄၃၊ ပန်းလျိုင်လမ်း၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ စတုရန်း (၂၄၀၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ယခုရောင်းချသူ ဒေါ်စမ်းစမ်း [၁၂/လမတ(နိုင်)၀၂၀၁၂၆] အမည်ပေါက်တည်ရှိပြီး အဆိုပါမြေကွက်နှင့် အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းမှ မိမိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှည်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းမြတ်မွန်(၁)သဲစုလှိုင် [၁၂/ဗတထ(နိုင်)၀၃၃၄၄၆]+၁ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး ငွေ၏တစိတ်တစိတ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိမ်ဖြူနိုင် LL.B, D.B.L, DML
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)
တိုက် (အေ-၂)၊ အခန်း(၀၀၃)၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊
ဒဂုံတက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၆၄၅၀၅၄၅၂၊ ၀၉-၅၅၀၅၄၅၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ပေါ်ဒေသစီမံကိန်း၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်း၊ သန်လျင်ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်(A-5)၊ အခန်းအမှတ်(၅၁၅)၊ LEVEL (5)၊ RC (၈)ထပ်အဆောက်အဦမှ ဧရိယာ (၁၁၈၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ကြည်ဖြူဇော် [၁၂/လမန(နိုင်)၁၂၇၅၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးဇော်ဇော်လတ် [၁/မကန(နိုင်)၀၈၅၉၁၈]နှင့် ဒေါ်တင်နီလာဝင်း [၁၂/သလန(နိုင်)၀၇၅၄၅]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ဇော်လတ် နှင့် ဒေါ်တင်နီလာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်သိန်း(LL.B)	**ဒေါ်မေမီလျိုင် (LL.B, LL.M)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၄၃၂)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)**
ဖုန်း-၀၉-၅၄၀၁၉၄၀	**ဖုန်း-၀၉-၄၂၈၂၇၃၃၃**

အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ် အထက ရေ၃၀ Grade-12 မှ မန္တယ်ဇင် စန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်းခိုင် [၉/မထလ(နိုင်)၂၂၁၆၈၀] ဖြစ်ကြောင်း။

ဦးအောင်ဝင်းခိုင်
[၉/မထလ(နိုင်)၂၂၁၆၈၀]

ကန့်ကွက်နိုင်ကြောင်း
ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ် (၂၀၁) ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးစု [၉/မပန (နိုင်)၀၀၇၉၆၃]ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးမိုးကျော်စိုး [၉/မနမ(နိုင်)၀၆၂၁၇၅] က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး
ဦးစီးဌာန

ကြီးမြန်
သစ်ပင်
လျှင်
စွမ်းအင်
လည်း
ရ
ပြည်
လည်း
လ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စခန်း/ဂေဟာများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

	စဉ်	ရာထူး(လစာနှုန်း)	လစ်လပ်ဦးရေ	ပညာအရည်အချင်း
	(က)	အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	၃၀ဦး	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ
	(ခ)	ပစ္စည်းထိန်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	၁၀ ဦး	အခြေခံပညာ အထက်တန်းအဆင့်
	(ဂ)	ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	၅ ဦး	အခြေခံပညာ မူလတန်းအဆင့်/ ယဉ်ကျေးမှုလိုတစ်(ခ) ရှိသူ

၂။ လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဂ) (၈-၉-၂၀၂၃)ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
(ဃ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(င) လုပ်ငန်းလိုအပ်ချက်အရ တိုင်းဒေသကြီး / ပြည်နယ်များရှိ စခန်း/ဂေဟာများတွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊
(စ) ဌာနခွဲလက်ရှိတွင်ဝန်ထမ်းအိမ်ရာမစီစဉ်ပေးနိုင်သဖြင့် မိမိအစီအစဉ်နှင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် (၁၆-၉-၂၀၂၃)ရက်နေ့၌ ဖြေဆိုရမည်ဖြစ်ရာ ဖြေဆိုခွင့်လက်မှတ်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၃)တွင် (၁၃-၉-၂၀၂၃) ရက်နေ့မှ (၁၅-၉-၂၀၂၃)ရက်နေ့ထိ ရုံးချိန်အတွင်းထုတ်ပေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုသွားရန်နှင့် ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၂၃-၉-၂၀၂၃)ရက်နေ့တွင် လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၄။ ပစ္စည်းထိန်း-၅ ရာထူးနှင့် ယာဉ်မောင်း-၅ ရာထူးနေရာများအတွက် (၁၇-၉-၂၀၂၃)ရက်နေ့တွင် လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -
(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်း၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) ဘွဲ့လက်မှတ်မိတ္တူနှင့်(၁၀)တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ (အငယ်တန်းစာရေးရာထူး အတွက်သာ)
(င) ပညာအရည်အချင်းအတွက် အထောက်အထား၊ အောင်မြင်ခဲ့သည့် ကျောင်းထောက်ခံစာတစ်ခုခု တင်ပြရန်၊ (ပစ္စည်းထိန်း- ၅ နှင့် ယာဉ်မောင်း-၅ အတွက်သာ)
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်မူရင်း၊
(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း (လွန်ခဲ့သော တစ်လအတွင်း)၊
(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းနှင့်မိတ္တူ၊
(ဈ) ပတ်(စ်)ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော ၆ လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)၊
(ည) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက် မူရင်း၊
(ဋ) အိမ်ထောင်စုစာရင်းမူရင်းနှင့်မိတ္တူ၊
(ဌ) အခြားတက်ရောက်ထားသည့် သင်တန်းများရှိပါက သင်တန်းဆင်းလက်မှတ်များ၊
(ဍ) ယာဉ်မောင်းလိုင်စင် (မူရင်းနှင့်မိတ္တူ) (ယာဉ်မောင်း-၅ ရာထူး အတွက်သာ)

၆။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်၊ စာတမ်းအချက်အလက်နှင့် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ် (၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၆၇-၃၄၀၄၅၅၅ ထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၆၊ မြေကွက်အမှတ်- ၃၇၃၊ အကျယ် (၄၀'x၆၀')၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးခင်မောင် (CC-၀၄၄၉၄၆) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းနှင့် ၎င်း၏(၈နီး) ကွယ်လွန်သဖြင့် မြေချုပါမစ်၏ ဆက်ခံမည့်သူနေရာတွင်ပါရှိသော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်ထွေးမော် [၁၂/ပဘတ(နိုင်)၀၃၀၀၂၀]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူထားရှိသူ ဦးဇမ္ဗူကျော် [၅/ဒပယ(နိုင်)၀၇၈၂၇၅]က မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအေးမင်းဇော်	**ဦးကျော်မင်းနိုင်**
အထက်တန်းရှေ့နေ (စဉ်-၄၈၉၃၉)	**အထက်တန်းရှေ့နေ (စဉ်-၄၈၈၈၀)**

အမှတ် (၄၆)၊ ပထမထပ် (၁)၊ မဟာဗန္ဓုလပန်း၁ခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ် - ၁/၂၀၂၃
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ် သြဂုတ်လ ၁၅ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း ကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူး (၂၅၀) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည် -

	ပညာအရည်အချင်း	အရေအတွက်
(က)	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ (စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းကိုင် ဒီပလိုမာလက်မှတ်တစ်ခုခုရရှိပြီးသူ များအား ဦးစားပေးခန့်ထားမည်)	၂၅၀ ဦး

၂။ လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) **၁၅-၉-၂၀၂၃ ရက်နေ့**တွင် အသက်**(၂၇)နှစ်**ထက်မကျော်လွန်သူ ဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
(ဃ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်၊
(င) ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)နှင့် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်၊
(စ) ရွေးချယ်ခန့်ထားခြင်းခံရပါက ပြည်တွင်းအခွန်များဦးစီးဌာနတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် Download ရယူနိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း / ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -
(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော (၁''x ၁.၅၅'') အရွယ် ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(စ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဇ) ကျန်းမာကြောင်းဆေးလက်မှတ် (မူရင်း)
(ဈ) သက်ဆိုင်ရာမြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာကိုပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အခြန်ချောပို့စနစ်ဖြင့်ဖြစ်စေ ၁၅-၉-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားဌ၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထားရမည်။

၇။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသောလျှောက်လွှာများ/ သတ်မှတ်စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများ/ ပြည့်စုံစုံမှုမရှိသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပမည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံကြေညာပေးမည်။

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၀၀၂၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ခြေတိုင်းရပ်ကွက် (သကမ-၁၀)
(၁၂)ရပ်ကွက် ၊ မန္တလေးလမ်း၊ ခြေကွက်အမှတ် (၄၉၀/က)
(၀၆၂၀× ၀၆၆၀)ရိုးနှစ် ၆၀ ဂရန်ခြေကွက်နှင့်ပတ်သတ်၍
အများသိစေရန်ကြော်ငြာ

